ရှေ့မှုံ
The Mirror

၁၃၆၆ ခုနှစ်၊ဒုတိယဝါဆိုလဆန်း(၁)ရက်၊ စနေနေ့၊ (17-7-2004)(၄၂၉၇)

ဓမ္မစရိယာ စ
တေံ မင်္ဂလ မုတ္တမံ။

ကောင်းမြတ်သော သုစရိုက်တရားတို့ကို ကျင့်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေသာချိန်ရှိပြီး မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း(၈၀)ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အီဂျစ်အာရပ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၁၆

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အီဂျစ်အာရပ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခြင်းခံရသော ဒေါက်တာ အာမက်နာဇစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

တိုင်းပြည်၌ ပညာတတ်မြောက်ရေး၏ အခြေခံကောင်းများကို ထူထောင်မြှင့်တင်နိုင်ဖို့ နိုင်ငံတော်ကြီးတစ်ရပ်လုံး ဆက်တိုက်ဖွံ့ဖြိုးတိုးတက်လာမည့် အခွင့်အလမ်းကောင်းများ တွေ့နေရ စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို မှန်ကန်သောမူဝါဒလမ်းစဉ်များအတိုင်း တည်ဆောက်ရာ၌ မိမိတို့ကျရာ အခန်းကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းတာဝန်ယူ ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၁၆

ရန်ကုန်တိုင်း ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၏ မာလ်တီမီဒီယာစာသင်ခန်းများဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင်အဆိုပါကျောင်း၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက် အားပေးချီးမြှင့်သည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့်ဦးမျိုးညွန့်နှင့်ဗိုလ်မှူးကြီး အောင်မျိုးမင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပညာရေးဝန်ကြီးဌာနမှ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လှည့်လည် ကြည့်ရှုစစ်ဆေး

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကမာရွတ်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၏ မာလ်တီမီဒီယာ စာသင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၇-၇-၂၀၀၄ (စနေနေ့)

လမ်း၊ တံတားများ ကွန်ရက်သဖွယ်ဖြစ်ထွန်း လူမှု၊ စီးပွားရေးကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီးအေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် အကောင်အထည်ဖော်လျက်ရှိရာတွင် စီးပွားရေးအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးတည်ဆောက်လျက်ရှိသည်။ တစ်ချိန်တည်းတွင် ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသော လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ ပြည့်စုံကောင်းမွန်လာစေရန် ဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **ဝေးလံဒေသများပါမကျန် ဒေသတစ်ခုနှင့်တစ်ခု ဆက်သွယ်သွားလာနိုင်ရေးကို ရှေးရှုပြီး တိုတောင်းသည့်အချိန်ကာလအတွင်း လမ်း၊ တံတားများကို တည်ဆောက်နေကြောင်း၊ လမ်းပန်းဆက်သွယ်ရေးသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံသားများ၏ လူမှုပတ်ဝန်းကျင်အနေအထားတို့ကို မြှင့်တင်နိုင်ကြောင်း** လမ်းညွှန်မှုပြုထားသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်ထောင်စုတစ်ဝန်း လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရန် စီမံဆောင်ရွက်လျက်ရှိသည်။ နယ်မြေဒေသအလိုက် လိုအပ်ချက်နှင့်အညီ လမ်းသစ်များ တိုးချဲ့ဖောက်လုပ်ခြင်း၊ လမ်းများအဆင့်မြှင့်တင်ခြင်း၊ လမ်းများနှင့်အတူ တံတားသစ်များစွာတို့ကိုလည်း တည်ဆောက်လျက်ရှိသည်။

မကွေးတိုင်း ဆောမြို့နယ် ကျောက်ထု-ဆော-ဆိပ်ဖြူလမ်းပေါ်ရှိ အညာကတင်းတံတား ဖွင့်ပွဲအခမ်းအနားကို ဇူလိုင်လ ၁၂ ရက်နေ့က အဆိုပါ တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပခဲ့သည်။ အဆိုပါ တံတားဖွင့်ပွဲ အခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းနှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းတို့ တက်ရောက်ပြီး အညာကတင်းတံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အညာကတင်းတံတားသည် ၁၂ လက်မအချင်း သစ်သားပိုင်တိုင် အုတ်မြစ်များဖြင့် သစ်သားတိုင်စင်အောက်ထည်ပေါ်တွင် တည်ဆောက်ထားသည့် တစ်ထပ်တစ်လွှာ ဘေလီနှင့် သစ်သားခန်းဖွင့် တံတားအမျိုးအစားဖြစ်သည်။ တံတားအရှည်မှာ ပေ ၂၄၀ ရှိပြီး ခွင့်ပြုယာဉ်အလေးချိန် ၁၃ တန်ဖြစ်ကြောင်း သိရသည်။

အညာကတင်းတံတားကို ဖွင့်လှစ်ပေးလိုက်သည့်အတွက် ကျောက်ထု-ဆော-ဆိပ်ဖြူလမ်းမကြီး၏ ဆက်သွယ်သွားလာရေး ပိုမိုကောင်းမွန်လာမည်ဖြစ်သည်။ ကျောက်ထုမှ မင်းတပ်မြို့၊ ထိုမှတစ်ဆင့် ချင်းပြည်နယ် ပလက်ဝအထိ ခရီးပေါက်သည့်အပြင် မင်းတပ်-မတူပီ-ဟားခါး-ဖလမ်း-တီးတိန်-တွန်းဇန်-ကျီခါးအထိ ခရီးလမ်း အဆင်ပြေသွားမည်ဖြစ်သည်။

ယခုအခါ ချင်းပြည်နယ် မင်းတပ်-မတူပီ ၁၀၂ မိုင်ရှည်လမ်းကိုလည်း ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် တိုးချဲ့လျက်ရှိရာ ပွင့်လင်းရာသီတွင် ကတ္တရာလမ်းအဆင့်သို့ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။

မကွေးတိုင်းအတွင်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက် လမ်း၊ တံတားပေါင်းများစွာကို တည်ဆောက်ဖောက်လုပ်ပေးလျက်ရှိရာ ကတ္တရာလမ်း ၉၁၅ မိုင်ကျော် အပါအဝင် ကျောက်ခင်းလမ်း၊ အမာခံလမ်းနှင့် မြေလမ်း စုစုပေါင်း ၁၆၉၅ မိုင်ကျော် ရှိပြီဖြစ်သည်။

ယခုဖွင့်လှစ်လိုက်သည့် အညာကတင်းတံတားသည် ဂန့်ဂေါခရိုင် ဆောမြို့နယ် ကျောက်ထု-ဆောလမ်းပေါ်ရှိသော ပေ ၁၈၀ နှင့်အထက်တံတားကြီးသုံးစင်းအနက် တစ်စင်းအပါအဝင်ဖြစ်ပြီး အရေးပါသောတံတားလည်းဖြစ်သည်။ နိုင်ငံတော်က လမ်းသစ်၊ တံတားသစ်များကို တည်ဆောက်ပေးမှုကြောင့် ဒေသအတွင်း ကူးသန်းဆက်သွယ်သွားလာမှု ပိုမိုလွယ်ကူလျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက လမ်းနှင့်တံတားများကို တိုးချဲ့ဖောက်လုပ်တည်ဆောက်ပေးမှုကြောင့် နိုင်ငံတစ်ဝန်း ကွန်ရက်သဖွယ် တိုးတက်ဖြစ်ထွန်းလျက်ရှိနေရာ ဒေသများ၏ လူမှု၊ စီးပွားရေးကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာ ဟောပြောပွဲအခမ်းအနားကို ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းရှိ ပြည်သူ့အင်အားဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက် ရှင်းလင်းပြောကြားစဉ်။ (လဝက)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်းသိကောင်းစရာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၌ ဟောပြော

ရန်ကုန် ဇူလိုင် ၁၆

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာ ဟောပြောပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက် တက်ရောက်၍ ရှင်းလင်းဆွေးနွေးသည်။

တက်ရောက်

ဟောပြောပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်မှ အတွင်းရေးမှူး အဖွဲ့ဝင် ဒေါက်တာဒေါ်စန်းရွှေနှင့် တာဝန်ရှိသူများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအဖွဲ့အကြံပေး ပုဂ္ဂိုလ် ဒေါ်ခင်အေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်၏ဇနီး ဒေါ်မွေးမွေး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ၎င်းတို့၏ဇနီးများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ဦးစီးဌာနများမှ အမျိုးသမီးဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ စုစုပေါင်း ၃၅၀ တက်ရောက်ကြသည်။

ဆွေးနွေးပြောကြား

ဟောပြောပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပေါ်ပေါက်လာပုံနှင့် နောက်ခံသမိုင်း၊ အဖွဲ့ချုပ်၏ ရည်ရွယ်ချက်ခုနစ်ချက်၊ ဖွဲ့စည်းပုံအဆင့်ဆင့်၊ လုပ်ငန်းအဖွဲ့ ၁၆ဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် လုပ်ငန်းစီမံချက်တို့ကို ကဏ္ဍငါးရပ်ခွဲ၍ ရှင်းလင်းဟောပြောပြီး "အမျိုးသမီးများဘဝ ဖွံ့ဖြိုးဖို့ ဝိုင်းဝန်းဆောင်ရွက်စို့" ဟူသော ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မွန်မြတ်သော ရည်ရွယ်ချက်များ အောင်မြင်ရေး၊ အမျိုးသမီးများ မိမိဆန္ဒအလျောက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရေး ဆွေးနွေးပြောကြားသွားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒေါ်ခင်အေးက မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်အတွက် ဝန်ကြီးဌာနမှ လှူဒါန်းငွေကျပ်တစ်သိန်းကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်ထံသို့ပေးအပ်ပြီး ဟောပြောပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ဆရာဝန်အသင်း ညီလာခံကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၆

မြန်မာနိုင်ငံ ဆရာဝန်အသင်း၏ (၅၁)ကြိမ်မြောက် ဆရာဝန်ညီလာခံကို မြန်မာနိုင်ငံ ဆရာဝန်အသင်း(မန္တလေး)လမ်း ၇၀နှင့် ၃၁လမ်းထောင့် ရန်မျိုးလုံရပ် ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့၌ ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၁၉ရက်မှ ၂၅ရက်အထိကျင်းပမည်ဖြစ်ရာ စာတမ်းတင်သွင်းဖတ်ကြားလိုသူများသည် စာတမ်းများကို အောက်တိုဘာ ၃၁ရက် နောက်ဆုံးထား၍ အတွင်းရေးမှူး ပညာရေးရာကော်မတီ မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး)သို့လည်းကောင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်) အမှတ်(၂၄၉)သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့သို့လည်းကောင်း ပေးပို့နိုင်ကြသည်။ (သတင်းစဉ်)

ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

ရန်ကုန် ဇူလိုင် ၁၆

ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးအတွက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၁၄ရက် နံနက် ၈နာရီတွင် ပြည်မြို့နယ် ထုံးရေကြိုးဝိုင်းအကွက်အမှတ် (၈)၌ ကျင်းပသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲသို့ပဲခူးတိုင်း (အနောက်ပိုင်းတိုင်းခွဲ) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး အုန်းမြင့်၊ ပြည်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းအေး၊တိုင်း၊ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ ပဲခူးတိုင်း(အနောက်) သစ်တော ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ငွေနှင့် သစ်တောဝန်ထမ်းများ၊ ပြည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ပြည်သူများ စုစုပေါင်း အင်အား ၁၅၀၀ သည် ကျွန်း၊ ပျဉ်းကတိုး၊ တမာ၊ သစ်ဆိမ့် စသည့် အပင်ပေါင်း ၄၅၀၀ကို စုပေါင်းစိုက်ပျိုးကြသည်။ (သတင်းစဉ်)

စူပါသတင်းဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁၆

၂၀၀၄ ခုနှစ် ၁၂ လတာ မြန်မာ့ရုပ်ရှင်စစ်တမ်း၊ ပွင့်နဒီမောင်ပြောတဲ့ အရုက်တရား၊ အွန်စောရဲ့ရည်းစားဦး ဖြစ်ခဲ့ဖူးသူ၊ယုံကြည်လို့ဇာတ်လမ်းပြောပြတာ လုပ်စားဖို့မဟုတ်ဘူး၊ ရုပ်ရှင်ရုံပေါ်ကစတိတ်ရှိုး၊ အဲလက်စ်နှင့်သူ့ဘဝ၊ သူ့အတွေး၊ သူ့အနုပညာ၊ ပန်းဒဏ္ဍာရီဇာတ်ကားအထူးပွဲ၊ Myanmar Convention Centre ရဲ့ ပွဲဦးထွက် စင်တင်တေးဂီတ ဇော်ဝင်းထွဋ်၊ ထွန်းအိန္ဒြာဗိုတို့နဲ့စ၊သျှားညိုပြိုးနေပြီစသောပြည်တွင်းပြည်ပရုပ်ရှင်ဂီတ "စူပါ" အနုပညာရှင်တို့၏ ဘဝအလှဒဿနများ အပါအဝင် ရုပ်ရှင်မီဒီယို သရုပ်ဆောင် ပပဝင်းခင်၏ စတိုင်အလှ ရောင်စုံဓာတ်ပုံတို့ဖြင့် စူပါသတင်းဂျာနယ် အမှတ်(၂၂)ကို ဆင်တောင်ကြီးစာပေ အမှတ်(၄၁)၊ ၂၉ လမ်း ရန်ကုန်မြို့က ယနေ့ဖြန့်ချိလိုက်ကြောင်း သိရသည်။ (က-ပ)

ပန်းအိမ်

* မြန်မာမလေးတွေ ဂုဏ်ကျက်သရေ
ရှုလို့မဝပေ။
* မြန်မာတွေသာပိုင်ဆိုင်ကြ
မြန်မာတို့ရဲ့အလှ။
* မြန်မာ့အလှနဲ့ မြန်မာ့သိက္ခာ
ပြိုင်စံရှားတဲ့ ဤမြေကမ္ဘာ။
* ပန်းကလေးပမာ နုနယ်လှ
ယဉ်ကျေးသိမ်မွေ့စွ။
* ပင်ကိုအလှ မပျက်အောင်
ယဉ်ကျေးမှုနှင့် ဂုဏ်မြှင့်ဆောင်။
* မြန်မာ့ဂုဏ်ရောင် လင်းစေဖို့
မြန်မာအမျိုးသမီးများ စွမ်းဆောင်စို့။
* ဒို့တိုင်းပြည်ရဲ့ အင်အားမှာ
အမျိုးသမီးငယ်များ ပါဝင်တာ။
* နိုင်ငံ့တာဝန် ကျေပွန်ဖို့
အလှ ပန်းအိမ်လေး ဆောက်ကြစို့။

(မြန်မာအမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုပြပွဲကို ဂုဏ်ပြုလျက်)

မန်းခင်ခင်

ဘဂ္ဂဒက်မြို့တော်၌ အသေခံကားဗုံးဖောက်ခွဲမှုကြောင့် ၁၀ ဦး သေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၁၅

အီရတ်နိုင်ငံတွင် အချုပ်အခြာအာဏာပိုင်မှု ပြန်လည်ရရှိခဲ့သည့် လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်အတွင်း အတန်အသင့် အေးချမ်းတည်ငြိမ်မှုရှိခဲ့သော ဘဂ္ဂဒက်မြို့တွင် ဗုဒ္ဓဟူးနေ့က ဖရိုဖရဲ ဖြစ်ခဲ့ရသည်။ ကနဦးအနေဖြင့် အမေရိကန်တို့သိမ်းပိုက်ထားသည့် အစိမ်းရောင်နယ်မြေဝင်ပေါက်များတွင် အသေခံကားဗုံးဖောက်ခွဲမှုကြောင့် အနည်းဆုံးလူ ၁၀ ဦးသေဆုံးခဲ့ရသည်။ ထို့နောက် အီရတ်နိုင်ငံ၏ အကြီးဆုံးပြည်နယ်များအနက် တစ်ခု၏ အုပ်ချုပ်ရေးမှူးအား လုပ်ကြံသတ်ဖြတ်မှုဖြစ်ပွားခဲ့သည်။

အီရတ်နိုင်ငံတွင် လုံခြုံရေးအစောင့်အကြပ် ထူထပ်စွာချထားသည့် အမေရိကန်တို့၏ ခြံဝင်းကျယ်၏ ဝင်ပေါက်တွင် ဖြစ်ပွားခဲ့သော အသေခံဗုံးဖောက်ခွဲမှုသည် ဇွန် ၂၈ ရက်က အီရတ် ကြားဖြတ်အစိုးရထံသို့ အမေရိကန် တာဝန်ရှိပုဂ္ဂိုလ်များ အချုပ်အခြာအာဏာကို ပြန်လည်လွှဲပြောင်းခဲ့ချိန်နောက်ပိုင်း တစ်ကြိမ်တည်းဖြင့် လူအသေအပျောက် အများဆုံး တိုက်ခိုက်မှုဖြစ်သည်။

ကလဲ့စားချေသူဖြစ်နိုင်

ယင်းတိုက်ခိုက်မှုသည် မကြာသေးမီက အီရတ် ခုခံတိုက်ခိုက်ရေးသမားများကို နှိမ်နင်းမှုကြောင့် လက်တုံ့ပြန်ကလဲ့စားချေမှုဖြစ်နိုင်ကြောင်း အီရတ်တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

လွန်ခဲ့သည့် နှစ်ရက်အတွင်းက ဖမ်းဆီးခဲ့မှုများကို လက်တုံ့ပြန်ခြင်းဖြစ်သည်ဟု မိမိထင်မြင်ကြောင်း အီရတ်ဝန်ကြီးချုပ် အလာဝီက ပြောကြားသည်။

ဝန်ကြီးချုပ်ရာထူး စတင်ထမ်းဆောင်ခဲ့ပြီးနောက် ၎င်း၏ပထမဆုံး လုပ်ရှားမှုမှာ တင်းကျပ်သည့် အရေးပေါ် ဥပဒေကို ထုတ်ပြန်ကြေညာလိုက်ခြင်းပင်ဖြစ်သည်။

အသစ်ဖွဲ့စည်းထားသည့် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယခုသီတင်းပတ်အတွင်းက အီရတ်နိုင်ငံတစ်ဝန်း ပိုက်စိပ်တိုက်ဝင်ရောက်ရှာဖွေပြီး အကြမ်းဖက်တိုက်ခိုက်သူများနှင့် ရာဇဝတ်ကောင်များဟု သင်္ကာမကင်းသူ ရာနှင့်ချီ၍ ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

တိုက်ခိုက်

ကားဗုံးဖောက်ခွဲသူသည် အပြစ်မဲ့ အီရတ်အရပ်သားများကို ပြောင်ပြောင်တင်းတင်း တိုက်ခိုက်မှုပင်ဖြစ်ကြောင်း အာလာဝီက ပြောကြားသည်။

ပြောကြား

ယင်းသို့ ကားဗုံးပေါက်ကွဲပြီးနောက် နာရီအနည်းငယ်အကြာတွင် တီကရစ်မြို့မှ ဘေဂျီမြို့သို့သွားသည့် လမ်းမပေါ်တွင် နီနီဗာပြည်နယ် အုပ်ချုပ်ရေးမှူး ကက်ရှ်မော်လာ စီးနင်းလိုက်ပါလာသည့် ယာဉ်တန်းအား ကားလေးစီးထဲတွင်ရှိသည့် သေနတ်သမားများက တိုက်ခိုက်ခဲ့ကြောင်း အမေရိကန်နှင့် အီရတ်တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ပြည်နယ် အုပ်ချုပ်ရေးမှူးသည် အစောင့်အကြပ်များဖြင့် စီးနင်းလိုက်ပါလာစဉ် ကားလေးစီးမှ တိုက်ခိုက်သူများက ပစ်ခတ်တိုက်ခိုက်မှု ကြောင့် ကားတိမ်းမှောက်သွားခဲ့သည်။ ထို့နောက် တိုက်ခိုက်ရေးသမားများ၏ ကားလေးစီးအနက်မှ ကားတစ်စီးက ပြည်နယ်အုပ်ချုပ်ရေးမှူး၏ကားကို ဝင်တိုက်ပြီး ကျန်သည့် တိုက်ခိုက်ရေးသမားများက လက်ပစ်ဗုံးများပစ်၍ စက်သေနတ်များဖြင့် ပစ်ခတ်ခဲ့ကြသည်။

သေဆုံး

ပြည်နယ် အုပ်ချုပ်ရေးမှူးမှာ တိုက်ခိုက်မှုတွင် အသက်ဘေးမှ လွတ်မြောက်ခဲ့သော်လည်း နောက်ပိုင်းတွင် ဘေဂျီမြို့ဆေးရုံ၌ သေဆုံးခဲ့ကြောင်း အီရတ်တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ပြည်နယ် အုပ်ချုပ်ရေးမှူးသည် အီရတ်သမ္မတနှင့် ဘဂ္ဂဒက်မြို့တွင် ကြာသပတေးနေ့၌ တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။ မူလက ကြာသပတေးနေ့တွင်မှ ခရီးသွားရောက်ရန် စီစဉ်ထားသော်လည်း ၎င်း၏အစီအစဉ်ကို မည်သည့်အတွက်ကြောင့် ပြောင်းလဲခဲ့သနည်းဆိုသည် မိမိမသိကြောင်း ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး ခီရုရိုဂိုလန်က ပြောကြားသည်။ ယခုအခါ ဂိုလန်သည် ယာယီပြည်နယ် အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ထမ်းဆောင်နေသည်။

အင်တာနက်။

ပိတ်ဆို့ဟန့်တား

ဇူလိုင် ၁၄ ရက်က ဘဂ္ဂဒက်မြို့လယ်တွင် ကားဗုံးပေါက်ကွဲပြီး နောက် အမေရိကန်တပ်ဖွဲ့ဝင်များ လမ်းကို ပိတ်ဆို့၍ လုံခြုံရေးဆောင်ရွက်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်ပြည်နယ်အုပ်ချုပ်ရေးမှူးတစ်ဦး ချုံခိုတိုက်ခိုက်ခံရ၍ သေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၁၅

အီရတ်နိုင်ငံတွင် ဆက်ဒမ်ဟူစိန်ခေတ်လွန်ကာလ၌ တက်တက်ကြွကြွဆောင်ရွက်ခဲ့သည့် အားထားရသော ပြည်နယ်အုပ်ချုပ်ရေးမှူးတစ်ဦးမှာ ဗုဒ္ဓဟူးနေ့က ချုံခိုတိုက်ခိုက်ခံရရာတွင် သေဆုံးခဲ့ကြောင်း အီရတ်တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

အီရတ်နိုင်ငံမြောက်ပိုင်းတွင် လူမျိုးစုရေးရာအရရော၊ ဘာသာရေးအရပါ ရောရောနှောနှောနေထိုင်သည့် နီနီဗာပြည်နယ်၏ အုပ်ချုပ်ရေးမှူးဖြစ်သူ ဘူဆာမာကက်ရှ်မော်လာသည် မတည်မငြိမ်ဖြစ်နေသည့် ဆွန်နီတြိဂံနယ်မြေအနီး လမ်းတစ်လမ်းပေါ်တွင် ပစ်သတ်ခံရခြင်းဖြစ်သည်။

ဝမ်းနည်းကြေကွဲ

မိမိတို့အနေဖြင့် အားထားရသူတစ်ဦး လက်လွတ်ဆုံးရှုံးခဲ့ရကြောင်း၊ အီရတ်ပြည်သူများသည် ခုခံတိုက်ခိုက်သူများကို ယခင်ကထက်ပို၍ မုန်းတီးလာမည်ဖြစ်ကြောင်း၊ ၎င်းသေဆုံးသည့်အတွက် မိမိတို့ ဝမ်းနည်းကြေကွဲဖြစ်မိကြောင်း၊ သို့ရာတွင် တိုက်ခိုက်သူများက မည်သည့်အခါမျှ ရပ်တန့်သွားမည်မဟုတ်ကြောင်း နီနီဗာပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ခီရုရိုဂိုလန်က ပြောကြားသည်။

ယုံကြည်

ယင်းတိုက်ခိုက်မှုမှာ ပစ်မှတ်ထား၍ လုပ်ကြံမှုတစ်ရပ်ဖြစ်သည်ဟု မိမိယုံကြည်ကြောင်း၊ ကက်ရှ်မော်လာသည် ယင်းသို့သော တိုက်ခိုက်မှုမျိုးတွင် သေဆုံးခဲ့ရသော အဆင့်အမြင့်ဆုံး အီရတ် တာဝန်ရှိပုဂ္ဂိုလ်များအနက် တစ်ဦးဖြစ်ကြောင်း၊ မျက်နှာဖုံးစွပ်ထားသည့် အမျိုးသားတစ်ဦးက ပြည်နယ်အုပ်ချုပ်ရေးမှူး၏ ယာဉ်တန်းကို ပစ်ခတ် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း မိုဆူးလ်မြို့ရှိ ပြည်နယ်အုပ်ချုပ်ရေးမှူးရုံး၏ အကြီးအကဲ ဟာဇမ်အယ်ဂါလာဝီက ပြောကြားသည်။

ရန်သူဖြစ်

ကက်ရှ်မော်လာသည် အီရတ်ခုခံတိုက်ခိုက်ရေးသမားများ၏ အဆိုးရွားဆုံးရန်သူဖြစ်ကြောင်း ကက်ရှ်မော်လာနှင့် အတူတကွ လုပ်ဆောင်သည့် မိုဆူးလ်မြို့မှ အမေရိကန်ဗိုလ်မှူးချုပ် ကာတာဟမ်းက ပြောကြားသည်။

ပြည်နယ်အုပ်ချုပ်ရေးမှူး ကက်ရှ်မော်လာသည် နီနီဗာပြည်နယ်၏ တိုးတက်မှု သွင်ပြင်လက္ခဏာဖြစ်ကြောင်း၊ ၎င်းသည် လွတ်လပ်ရေးအတွက် ပြယုဂ်ဖြစ်ကြောင်းဖြင့် ကာတာဟမ်းက ပြောကြားသည်။

အင်တာနက်။

အီရတ်နိုင်ငံဆိုင်ရာ ကုလအထူးသံတမန်သစ် ဘဂ္ဂဒက်သို့ ရောက်ရှိမည်

ကုလသမဂ္ဂ ဇူလိုင် ၁၅

အီရတ်နိုင်ငံ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး ပါဝင်ကူညီရာ၌ စိတ်လှုပ်ရှားဖွယ်ရာ ကောင်းသော စိန်ခေါ်မှုကို မိမိငံ့လင့်စောင့်မျှော်ထားပြီး ဖြစ်ပါကြောင်းဖြင့် အီရတ်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ သံတမန်သစ် အက်ရှ်ရက်ဖ်ဂျီဟန်ဂီးယားကာဇီက ပြောကြားလိုက်သည်။

ယင်းလုပ်ငန်းမှာ အန္တရာယ်ကြီးမားသော တာဝန်တစ်ရပ်လည်း ဖြစ်နိုင်သည်။ အီရတ်ဆိုင်ရာ ကုလသမဂ္ဂ အထူးသံတမန်မှာ ဘဂ္ဂဒက်မြို့ရှိ ကုလသမဂ္ဂရုံးချုပ်ကို ဩဂုတ်လက ဗုံးခွဲတိုက်ခိုက်ခံရစဉ် သေဆုံးခဲ့ရသည်။ အောက်တိုဘာလတွင် ထပ်မံဗုံးခွဲခံရပြီးနောက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က အီရတ်မှ ကုလသမဂ္ဂ နိုင်ငံတကာ ဝန်ထမ်းများကို ပြန်ခေါ်ခဲ့သည်။

အင်တာနက်။

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

ဒဏ်ရာရ

ဇူလိုင် ၁၃ ရက်က ဘဂ္ဂဒက်မြို့ ဆင်ခြေဖုံးတွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသွားသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို သယ်ဆောင်လာစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပါဝဲလ်၏မိန့်ခွန်းတွင် အီရတ်ဆိုင်ရာ အချက်အလက်များ မှားယွင်းခဲ့

ဝါရှင်တန် ဇူလိုင် ၁၅

အီရတ်နိုင်ငံအား စစ်ဆင်နွှဲတိုက်ခိုက်ရန် လိုအပ်ပုံနှင့် ပတ်သက်၍ ကုလသမဂ္ဂထံ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်က ရှင်းလင်းတင်ပြမှုမပြုလုပ်မီ ရက်ပိုင်းအလိုတွင် ၎င်း၏မိန့်ခွန်းမူကြမ်းကို နိုင်ငံခြားရေးဌာနမှ တာဝန်ရှိသူများက ဆန်းစစ်လေ့လာကြည့်ရာ၌ အချက်အလက်အရ မှားယွင်းမှုများတွေ့ခဲ့ရကြောင်း အမေရိကန်အထက်လွှတ်တော်၏ အစီရင်ခံစာပါစာလွှာစာတမ်းများအရ သိရှိရသည်။ လွန်ခဲ့သည့်ရက်သတ္တပတ်က ထုတ်ပြန်လိုက်သော အဆိုပါအစီရင်ခံစာသည် အမေရိကန်ထောက်လှမ်းရေးဌာနများ၏ ချို့ယွင်းချက်များကို သုံးသပ်လေ့လာထားသည်။

အမေရိကန်နိုင်ငံခြားရေးဌာနမှ ကျွမ်းကျင်သူပညာရှင်များသည် ပါဝဲလ်၏မိန့်ခွန်းမူကြမ်းများကို အထပ်ထပ်လေ့လာခဲ့ကြပြီး အီရတ်နိုင်ငံ၏ အစုအပြုံလိုက် ဖျက်ဆီးနိုင်သော လက်နက်များနှင့်ပတ်သက်၍ ဖော်ပြရာတွင် ကျွမ်းကျင်သူပညာရှင်များအတွင်း အငြင်းပွားဖွယ်ရာ အချက်အလက်များ ပါဝင်နေသည်ဟုဆိုသည်။ ကောလင်းပါဝဲလ်သည် ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်၌ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မိန့်ခွန်းပြောကြားခဲ့ရာ ဗဟိုထောက်လှမ်းရေးအေဂျင်စီ(စီအိုင်အေ)၏ အီရတ်ဆိုင်ရာ ထောက်လှမ်းရေးသတင်းအချက်များအပေါ် အခြေခံ၍ အီရတ်၏ ခြိမ်းခြောက်မှုဘေးအန္တရာယ်ကို ပုံကြီးချဲ့ကားဖော်ပြခဲ့သည်။

အင်တာနက်။

နိုင်ငံတကာသတင်းများ

အီရတ်နိုင်ငံနှင့် ပတ်သက်သည့် ထောက်လှမ်းရေးအစီရင်ခံစာကြောင့် ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲ စိတ်အနှောင့်အယှက်ဖြစ်စရာများနှင့် ကြုံတွေ့နေရ

လန်ဒန် ဇူလိုင် ၁၅

ဆက်ဒမ်ဟူစိန်အားစစ်ဆင်တိုက်ခိုက်မှုနှင့် စပ်လျဉ်းသည့် ဗြိတိန်နိုင်ငံ၏ပြဿနာအပေါ် ဘူးလေးရာဖရုံဆင့်စေမည့်အစီရင်ခံစာ ထွက်ပေါ်လာမှုကြောင့် ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲနှင့် ဗြိတိန်လျှို့ဝှက်ထောက်လှမ်းရေးဌာနများအနေဖြင့် အီရတ်နိုင်ငံဆိုင်ရာနောက်ထပ် စိတ်အနှောင့်အယှက်ဖြစ်စရာများနှင့် ရင်ဆိုင်ကြုံတွေ့နေရပြန်ပြီဖြစ်သည်။

ဇူလိုင် ၁၃ ရက်က ဘဂ္ဂဒက်မြို့တွင် အမေရိကန်စစ်ယာဉ်တန်း ဖြတ်သန်းစဉ် အမေရိကန်တပ်ဖွဲ့ဝင်များ လုံခြုံရေး ဆောင်ရွက်နေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အထက်လွှတ်တော် ကော်မတီက အီရတ်နိုင်ငံဆိုင်ရာ တားမြစ်လက်နက်များသည် ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်သည်ဟု ချဲ့ကားပြောကြားမှုများကြောင့် အမေရိကန်ထောက်လှမ်းရေးဌာနအား အပြင်းအထန် ဝေဖန်တိုက်ခိုက်ပြီးသည့်နောက် ငါးရက်အကြာတွင် ထွက်ပေါ်လာသည့် လော့ဒ်ဘတ်တလာ အစီရင်ခံစာအရ ဗြိတိသျှ လျှို့ဝှက်ထောက်လှမ်းရေးဌာနအားအလားတူ တင်းကျပ်သည့်စစ်ဆေးမှုများ ပြုလုပ်လာဖွယ်ရှိသည်။

ဖတ်ရှုလေ့လာ

ထောက်လှမ်းရေး သတင်းနှင့် ပတ်သက်၍ ဗြိတိန်နိုင်ငံရော အမေရိကန်၌ပါ အခက်အခဲပြဿနာနှင့် ရင်ဆိုင်နေရပြီဖြစ်ကြောင်း၊ ယင်းအစီရင်ခံစာသည် စိတ်ဝင်စားစရာကောင်းကြောင်းဖြင့် အီရတ်စစ်ပွဲဆန့်ကျင်သူ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ၏ ခေါင်းဆောင်ဖြစ်သူ ချားလစ်ကနေဒီက ပြောကြားသည်။

မူတည်

တိုနီဘလဲ၏နိုင်ငံရေးနှင့်ပတ်သက်သည့်အနာဂတ်သည် လော့ဒ်ဘတ်တလာ အစီရင်ခံစာက ထောက်လှမ်းရေးသတင်းစုဆောင်းသူများအား အပြစ်တင်မှု ပြု၊မပြု သို့တည်းမဟုတ် အီရတ်စစ်ပွဲတရားမျှတကြောင်းပြသလို၍ ထောက်လှမ်းရေးသတင်းအသုံးပြုသည့် နိုင်ငံရေးသမားများအား ပုံချထားမှုမထားမှုအပေါ် အရေးတကြီးမူတည်လျက်ရှိသည်။

ယင်းထောက်လှမ်းရေးသတင်းများသည် အားနည်းချက်ရှိမည်မှာ သံသယဖြစ်ဖွယ် မရှိကြောင်း၊ အီရတ်နိုင်ငံအား ကျူးကျော်မှုမပြုမီက ပြင်ဆင်ခဲ့သည့် ထောက်လှမ်းရေးသတင်းများအကဲဖြတ်မှုသည် မှားယွင်းကြောင်းမှာ ထင်ရှားနေ သောကြောင့် နိုင်ငံရေးပရိယာယ်များသည် အဖြစ်မှန်နှင့်သတင်းကွာဟမှုအား ဖုံးဖိနိုင်စွမ်းမရှိကြောင်း ဂျိမ်းထောက်လှမ်းရေးပညာရှင်အဖွဲ့၏ အကဲဖြတ်ချက်အရ သိရှိရသည်။

ထိုးကျဖွယ်

ဘတ်တလာအစီရင်ခံစာကို တိုနီဘလဲက ပါလီမန်တွင် တုံ့ပြန်ပြောကြားမည်ဖြစ်သည်။

တိုနီဘလဲမှာလည်းငင်း၏ အပေါင်းအပါဖြစ်သူ အမေရိကန်သမ္မတ ဂျော့ဂျ်ဘုရှ်ကဲ့သို့ အီရတ်ကိစ္စနှင့် စပ်လျဉ်း၍ မကြာမီ ကျင်းပတော့မည့် ရွေးကောက်ပွဲတွင် လူအများကြိုက်သည့် အခြေအနေမျိုးမှ ထိုးကျသွားဖွယ် လက္ခဏာရှိနေသည်။

အီရတ်နိုင်ငံနှင့်စပ်လျဉ်း၍ နိုင်ငံရေးသိက္ခာ ကျဆင်းနေရသော်လည်း လေ့လာပိုင်ခြားသူများက တိုနီဘလဲသည် လက်ရှိလေဘာပါတီအား ၂၀၀၅ ခုနှစ်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင်ဦးဆောင်နိုင်ဖွယ်ရှိပြီး အနိုင်ရရှိနိုင်ကြောင်း ယခုထက်တိုင်ခန့်မှန်းထားကြသည်။

သို့ရာတွင် ဘတ်တလာ၏ အစီရင်ခံစာ တွေ့ရှိချက်အရ တိုနီဘလဲအား နေမထိထိုင်မသာ ဖြစ်စေနိုင်ပြီး ၎င်း၏ဦးဆောင်မှုအပေါ် အကဲဖြတ်လာနိုင်ဖွယ်ရှိသည်။

ပျံ့နှံ့

ဝန်ကြီးချုပ်တိုနီဘလဲနှင့် ၎င်းအား ဆက်ခံနိုင်ဖွယ်ရှိသည့် ဘဏ္ဍာရေးဝန်ကြီး ဂေါ်ဒွန်ဘရောင်းတို့ ပြိုင်ဆိုင်မှုများဖြစ်ပေါ်နေကြောင်း သတင်းများ မီဒီယာနှင့် နိုင်ငံရေး အသိုက်အဝန်းအတွင်း ပျံ့နှံ့လျက်ရှိသည်။

ဘတ်တလာ၏အစီရင်ခံစာထွက်ပေါ်မှု အကျိုးဆက်အဖြစ် ထိခိုက်နစ်နာမှုအရှိဆုံးမှာ အစိုးရယန္တရား မဟုတ်ဘဲ တိုနီဘလဲ၏ ခေါင်းဆောင်မှုဆိုင်ရာ အရည်အချင်းသာဖြစ်ကြောင်း တိုင်းမ်သတင်းစာက ဝေဖန်ရေးသားသည်။

အမ်အင်အော၊ရိုက်တာ။

ဂျာမနီနှင့်ဗြိတိန် ခေါင်းဆောင်များတွေ့ဆုံမည်

လန်ဒန် ဇူလိုင် ၁၅

ဂျာမနီဝန်ကြီးချုပ် ဂဲဟတ်ရှရိုးဒါးသည် ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲနှင့် ကြာသပတေးနေ့တွင် တွေ့ဆုံဆွေးနွေးရန်စီစဉ်ထားသည်။ အီရတ်စစ်ပွဲတရားမျှတမှုရှိပုံကို သာဓကပြုညွှန်းဆိုရာတွင် ဗြိတိသျှဝန်ကြီးချုပ်က အသုံးပြုခဲ့သည့် ထောက်လှမ်းရေးသတင်းအချက်အလက်များ မှားယွင်းမှုရှိကြောင်းဖော်ပြသည့် အစီရင်ခံစာတစ်ရပ် ပေါ်ထွက်လာပြီးနောက် ရှရိုးဒါးနှင့်ဘလဲတို့ တွေ့ဆုံဆွေးနွေးရန်စီစဉ်ခြင်းဖြစ်သည်။

ရှရိုးဒါးနှင့် ဘလဲတို့သည် နှစ်နိုင်ငံအပြန်အလှန် ဆက်ဆံရေးမြှင့်တင်ရန်နှင့် နိုင်ငံတကာရေးရာတို့ကို ဆွေးနွေးမည်ဖြစ်ကြောင်း တိုနီဘလဲ၏ရုံးမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ သို့ရာတွင် အီရတ်နိုင်ငံနှင့်ပတ်သက်၍ ဆွေးနွေးရန်ရှိ၊ မရှိ တိတိကျကျပြောကြားခြင်းမရှိပေ။ ရှရိုးဒါးသည် အီရတ်စစ်ပွဲကို ဆန့်ကျင်ခဲ့သည့် ဥရောပခေါင်းဆောင်တစ်ဦးဖြစ်သည်။

အင်တာနက်။

အီရတ်တွင် လုံခြုံရေးစိတ်မချရသဖြင့် တောင်ကိုရီးယားရေနံတင်သင်္ဘော ဘာဆာရာဆိပ်ကမ်းသို့ကပ်ရန် ငြင်းဆန်

လန်ဒန် ဇူလိုင် ၁၅

တောင်ကိုရီးယားရေနံကုမ္ပဏီပိုင် အကြီးစားရေနံတင်သင်္ဘောက အီရတ်နိုင်ငံရေနံသိုလှောင်ရေးစခန်းရှိရာ ဘာဆာရာဆိပ်ကမ်းသို့ ဆိုက်ကပ်ရန် ငြင်းဆန်လျက်ရှိကြောင်း၊ အဘယ်ကြောင့်ဆိုသော် လုံခြုံရေးဆိုင်ရာကိစ္စများနှင့် ပတ်သက်၍ စိုးရိမ်မကင်းဖြစ်မှုကြောင့်ဖြစ်ကြောင်း၊ ယင်းရေနံတင်သင်္ဘောသည် အာရှဒေသရှိ နိုင်ငံတစ်ခုပိုင်ဖြစ်ပြီး ဘာဆာရာတွင် ဆိုက်ကပ်ရန် ယခုရက်သတ္တပတ်အတွင်း ဒုတိယအကြိမ်မြောက်ငြင်းဆန်ခဲ့သည့် ရေနံတင်သင်္ဘောလည်းဖြစ်ကြောင်း သင်္ဘောကုမ္ပဏီ အကျိုးဆောင်များက ပြောကြားသည်။

အက်စ်ကေကော်ပိုရေးရှင်းပိုင် စီချွမ်ပီယန်အမည်ကို အကြီးစားရေနံတင်သင်္ဘောက ယင်းသို့ဘာဆာရာဆိပ်ကမ်းဆိုက်ကပ်ရန် ငြင်းဆန်ခဲ့မှုကြောင့် နိုင်ငံတကာရေနံတင်သင်္ဘောများ ကုမ္ပဏီပိုင် ရေနံတင်သင်္ဘောတစ်စင်းအား ဘာဆာရာဆိပ်ကမ်းတွင် ဆိုက်ကပ်ရန် အစားထိုးခဲ့ရကြောင်း အဆိုပါ အကျိုးဆောင်များက ပြောကြားသည်။

ယခုရက်သတ္တပတ်စောစောပိုင်းကလည်း ဟောင်ကောင်တွင် မှတ်ပုံတင်ထားသည့် အကြီးစားရေနံတင် သင်္ဘောကလည်း ဘာဆာရာဆိပ်ကမ်းလုံခြုံရေးအတွက် စိုးရိမ်မကင်းဖြစ်ရမှုကြောင့် ယင်းဆိပ်ကမ်းသို့ ဆိုက်ကပ်ရန်ငြင်းဆန်ခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။

စီချွမ်ပီယန် ရေနံတင်သင်္ဘောက လုံခြုံရေးအခြေအနေများနှင့် ယင်းဒေသတွင် လှည့်ပတ်သွားလာနေသည့် သင်္ဘောများအား တိုက်ခိုက်ရန်ခြိမ်းခြောက်ထားမှုများကြောင့် ဆိုက်ကပ်ရန် ငြင်းဆန်ခဲ့သော သတင်းများအား မိမိတို့ကြားသိရကြောင်း ယင်းအကျိုးဆောင်များက ပြောကြားသည်။ အစွန်းရောက်အုပ်စုတစ်စုက အမေရိကန်လက်နက်ကိုင် တပ်ဖွဲ့များအတွက် ပစ္စည်းများဖြည့်ဆည်းရန် ကူးသန်းသွားလာနေသည့် ကုန်တင်သင်္ဘောများအား တိုက်ခိုက်ရန် ခြိမ်းခြောက်မှုသတင်းကို အီရတ်အခြေစိုက် ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်ကို ယင်းအကျိုးဆောင်များက ကိုးကားပြောကြားခြင်းဖြစ်သည်။ ယင်းဝက်ဆိုက်က ၎င်းသတင်းကို ဖော်ပြခြင်းမရှိခဲ့ကြောင်း အပြင်းအထန်ငြင်းဆန်သည်။

တိုက်ခိုက်ရေးအုပ်စုများက အီရတ်အခြေစိုက်ဝက်ဘ်ဆိုက်တွင် တိုက်ခိုက်ရန်ခြိမ်းခြောက်ပြီးနောက် တောင်ကိုရီးယားအစိုးရက ယင်းနိုင်ငံမှ သင်္ဘောကုမ္ပဏီများအား တိုက်ခိုက်မှုအန္တရာယ်ရှိကြောင်း ယခုရက်သတ္တပတ်က သတိပေးခဲ့သည်။

အမ်အင်အော၊ရိုက်တာ။

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ အမေရိကန်သံရုံးအနီး တွင် အီရတ်သို့ တပ်ဖွဲ့ဝင်များစေလွှတ်ရန် အစိုးရ၏ ဆုံးဖြတ်ချက်ကို ကန့်ကွက်သည့် ဆန္ဒပြသမားများနှင့် အဓိကရုဏ်းနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်တို့ ဇူလိုင် ၁၅ ရက်က ရုန်းရင်းဆန်ခတ်ဖြစ်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်လက်နက်ဆိုင်ရာ ဗြိတိန်အစိုးရမှတ်တမ်းများ ပုံကြီးချဲ့ခြင်းသာဖြစ် ကုလလက်နက်စစ်ဆေးရေးမှူးဟောင်း ဟန်းစ်ဘလစ် အပြင်းအထန် ဝေဖန်

လန်ဒန် ဇူလိုင် ၁၅

အီရတ်နိုင်ငံဆိုင်ရာ လူအစုအပြုံလိုက်သေစေသည့် အဖျက်လက်နက်များ(ဒဗလျူအမ်ဒီ)နှင့် စပ်လျဉ်းသည့် ဗြိတိသျှအစိုးရ၏ မှတ်တမ်းမှတ်ရာများသည် ပုံကြီးချဲ့ကားမှုသာ ဖြစ်ကြောင်း ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးမှူးဟောင်း ဟန်းစ်ဘလစ်က အပြင်းအထန် ဝေဖန်ပြောကြားလိုက်သည်။

ဗြိတိသျှအစိုးရသည် အစီရင်ခံစာကို ပုံကြီးချဲ့ကားမှုသာဖြစ်သည်ဟု မိမိထင်မြင်မိကြောင်း ဘလစ်က ဘီဘီစီသတင်းဌာနနှင့် တွေ့ဆုံမေးမြန်းရာတွင် ပြောကြားသည်။ ယင်းမှတ်တမ်းမှတ်ရာများသည် လက်ခံနိုင်စရာမရှိသည့် လှည့်ကွက်တစ်ခုသာဖြစ်သည်ဟု မိမိထင်မြင်မိကြောင်း၊ မေးခွန်းအမှတ်အသားပြထားသည့်နေရာတွင် ၎င်းတို့က အာမေဋိတ် သင်္ကေတထပ်ရေးလိုက်ခြင်းပင်ဖြစ်ကြောင်း၊ ယင်းသည်လှည့်ဖြားမှုနှင့် ပုံကြီးချဲ့ကားမှုသာဖြစ်သည်ဟု မိမိထင်မြင်ပြီး ယင်းနည်းလမ်းဖြင့် မှားယွင်းသည့် ကောက်ချက်ချမှုဖြစ်စေပြီး ပြည်သူကို ဦးဆောင်ခဲ့ခြင်းသာဖြစ်ကြောင်း ဘလစ်ကပြောကြားသည်။

ဝေဖန်ပြောကြား

အီရတ်စစ်ပွဲမဖြစ်ပွားမီက ဗြိတိသျှအစိုးရ၏ အီရတ်နိုင်ငံဆိုင်ရာ ထောက်လှမ်းရေးသတင်းများအား လွှတ်လပ်သည့် စုံစမ်းစစ်ဆေးမှုတစ်ခုပြုလုပ်ခဲ့ပြီး ယင်းအစီရင်ခံစာအား ဖြန့်ချိစဉ်တွင် ဟန်းစ်ဘလစ်၏ ဝေဖန်ပြောကြားမှုများ ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ***အမ်အင်အော၊ဆင်ဟွာ။***

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် ရဟိုင်း အားကစားကွင်းဖွင့်ပွဲနှင့် ကျောက်ဆည်မြို့ မိုးလုံလေလုံ အားကစားခန်းမဖွင့်ပွဲ တက်ရောက်အားပေး

စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့် မန္တလေးမြို့ မဟာအောင်မြေ မြို့နယ် ရဟိုင်းအားကစားကွင်း ဖွင့်ပွဲအခမ်းအနားတွင် အားကစားကွင်း အဝင်မုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၁၆

စစ်ကိုင်းတိုင်း မုံရွာမြို့တွင် ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ကျန်းမာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ နံနက် ၈နာရီခွဲတွင် အင်းဝတံတားသို့ ရောက်ရှိကြသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ ဒုတိယဝန်ကြီး ဒေါက်တာမြဦး နှင့်အဖွဲ့ဝင်များသည် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် အတူ မန္တလေးမြို့နှင့် ကန်တော်ကြီး ပတ်လမ်းတို့အား မော်တော်ယာဉ်များ ဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် သည် နံနက် ၈နာရီခွဲတွင် အားကစား ဝန်ကြီးဌာန အားကစားနှင့်ကာယပညာ ဦးစီးဌာန မန္တလေးမြို့ မဟာအောင်မြေ မြို့နယ် ရဟိုင်းအားကစားကွင်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေး ချီးမြှင့်သည်။

ဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ဒုတိယဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး ဒုတိယ ဗိုလ်မှူးကြီး ကြည်သိန်းနှင့် တိုင်းအဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မန္တလေး ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်နှင့် ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မန္တလေး မြို့ပေါ်ရှိ အခြေခံပညာအထက်တန်း ကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဘင်ခရာ နှင့်ပန်းဖွားအဖွဲ့ဝင်များ၊ အားကစား မောင်မယ်များစုံညီစွာ တက်ရောက် ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ မန္တလေးတိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့က မဟာ အောင်မြေ အားကစားကွင်းအား ဖဲကြိုး ဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က မဟာအောင်မြေ အားကစား ကွင်း အဝင်မုခ်ဦး ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အခမ်းအနားအစီအစဉ် ဒုတိယပိုင်း ကို အားကစားကွင်းအတွင်း အထူးတန်း စင်မြင့်ရှေ့၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမှာစကား ပြောကြားရာတွင် ယခုကဲ့သို့ မြန်မာ့ အားကစားအဆင့်အတန်း တိုးတက် မြင့်မားရေးကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်နေသည့် အချိန် တွင် အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် အဓိက လိုအပ်ချက်တစ်ရပ်ဖြစ်သည့် အဆင့်မီ အားကစားကွင်းတစ်ခု တည်ဆောက် ပြီးစီး ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် မြန်မာ နိုင်ငံ အိုလံပစ်ကော်မတီနှင့် အားကစား ဝန်ကြီးဌာနအနေဖြင့် များစွာ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါကြောင်း။

အမျိုးသားရေး

မျက်မှောက်ခေတ် နိုင်ငံတကာ အားကစားလုပ်ငန်းများ ဆောင်ရွက်ကြ ရာတွင်လည်း ကမ္ဘာ့နိုင်ငံအသီးသီး အနေနှင့် အားကစားလှုပ်ရှားမှုတွေကို ယခင်အချိန်ကာလ၊ အခြေအနေမျိုးလို သာမန်လုပ်ငန်းအဖြစ် ပေါ့ပေါ့ တန်တန် သဘောမထားကြတော့ဘဲ နိုင်ငံတော်၏ အမျိုးသားရေးလုပ်ငန်းများ အဖြစ် သတ်မှတ်ဆောင်ရွက်နေကြ ပြီဖြစ်ကြောင်း။

ယခုအခါတွင် နိုင်ငံတော်၏ အားကစားမြှင့်တင်ရေး လုပ်ငန်းများ ထိထိရောက်ရောက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားနိုင်စေရန် နိုင်ငံတော် ဝန်ကြီးချုပ်ကိုယ်တိုင် ဦးစီးပြီး မြန်မာ နိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီတို့ကို တာဝန်ရှိပုဂ္ဂိုလ်များဖြင့် ပါဝင်ဖွဲ့စည်း ပြီး အနီးကပ်လမ်းညွှန်ဆောင်ရွက်နေ ပြီဖြစ်ကြောင်း။

အမျိုးသားအားကစားနည်း ဟူ၍ သတ်မှတ်ရမည့် ဘောလုံးအားကစား နည်း တိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက် နှင့်အညီ လူငယ်ဘောလုံး ဖွံ့ဖြိုး တိုးတက်ရေးအစီအစဉ်များကို နိုင်ငံ အနှံ့ အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိသကဲ့သို့ စဉ်ဆက်မပြတ် ဘောလုံးပြိုင်ပွဲများကိုလည်း တိုင်းနှင့် ပြည်နယ် အသီးသီးမှာ နှစ်လုံးပေါက် ကျင်းပပေးလျက်ရှိကြောင်း၊ ထို့အပြင် ဘောလုံးအားကစားနည်း အရှိန်အဟုန် ဖြင့် တိုးတက်လာရေးအတွက် ဘောလုံး ကွင်းသစ်များ ဖောက်လုပ်ခြင်း၊ ဘောလုံးကွင်းဟောင်းများကို အဆင့် မြှင့်တင် မွမ်းမံပြင်ဆင်ခြင်း လုပ်ငန်း များကိုလည်း ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ မြန်မာတစ်နိုင်ငံလုံးမှာ အားကစားကွင်း ၁၂ ကွင်းကို အသစ် ဖော်ထုတ် တည်ဆောက် ဖွင့်လှစ်ပေး နိုင်ခဲ့ပြီး အားကစားကွင်း ၇၅ ကွင်းကို အဆင့်မြင့်ကွင်းများအဖြစ် ပြန်လည် ပြုပြင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ် ကြောင်း၊ ယနေ့ ဖွင့်လှစ်သည့် မဟာ အောင်မြေမြို့နယ် ရဟိုင်းအားကစား ကွင်း အပါအဝင် မန္တလေးတိုင်းအတွင်း ယနေ့အထိ အားကစားကွင်းအသစ် နှစ်ကွင်း ဖော်ထုတ်တည်ဆောက်ပေး နိုင်ပြီး၊ အားကစားကွင်း ရှစ်ကွင်းကို လည်း အဆင့်မြင့်ပြန်လည်ပြုပြင်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

ဦးမော့စပြု

ယခုကဲ့သို့ အားကစားကွင်းသစ် များ ဖော်ထုတ်တည်ဆောက်နိုင်ခြင်း၊ အားကစားကွင်း အဟောင်းများကို အဆင့်မီ ကွင်းများအဖြစ် ပြန်လည် ပြုပြင်ဆောင်ရွက်နိုင်ခြင်း၊ စဉ်ဆက် မပြတ် ဘောလုံးပြိုင်ပွဲများ နိုင်ငံနှင့် အဝန်း ကျင်းပပေးနိုင်ခဲ့သည့်အတွက် ယခုဆိုရင် မြန်မာဘောလုံးအားကစား သည် နိုင်ငံတကာတွင် ပြန်လည် ဦးမော့စပြုလာတာကို တွေ့ရမှာဖြစ် ကြောင်း။

ယနေ့ဖွင့်လှစ်သည့် မန္တလေးတိုင်း၊ မဟာအောင်မြေမြို့နယ်၊ ရဟိုင်း အားကစားကွင်းကြီးသည် အဆင့်မီ အားကစားကွင်းကြီး ဖြစ်သည်နှင့်အညီ ပြိုင်ပွဲများမှ ထူးချွန်ထက်မြက်ပြီး မန္တလေးတိုင်းနှင့် နိုင်ငံတော်အတွက် အားထားရမည့်မျိုးဆက်သစ်အားကစား သမားကောင်းများ မြောက်မြားစွာကို မွေးထုတ်ပေးနိုင်တော့မည်ဟု ယုံကြည် မိကြောင်းစသည်ဖြင့် တိုက်တွန်းပြော ကြားသည်။

ထောက်ပံ့ပေးအပ်

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က မန္တလေးမြို့ပေါ် ငါး မြို့နယ်အတွက် အားကစားပစ္စည်း များကို ထောက်ပံ့ပေးအပ်ရာ ခရိုင် အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး မောင်မောင်က လက်ခံယူ သည်။

ယင်းနောက် နွယ်နွယ်ဆောက်လုပ် ရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်သက်လှိုင်က အားကစားကွင်း နှင့် ပတ်သက်သည့် စာရွက်စာတမ်း များကို အားကစားနှင့် ကာယပညာ ဦးစီးဌာန(မန္တလေးတိုင်း)မှ ဒုတိယ ညွှန်ကြားရေးမှူး ဦးစိုးညွှန့်ထံ လွှဲပြောင်း ပေးအပ်သည်။

ဆက်လက်၍ မန္တလေးမြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းများ မှ ကျောင်းသူလေးများက အေရိုးဗစ်၊ ပဝါအက၊ ပန်းနွယ်အက၊ ယပ်တောင် အက၊ ကြာပန်းအကတို့ဖြင့် သရုပ်ပြသ ကြသည်။

ထို့နောက် မန္တလေးမြို့ အားကစား နှင့် ကာယပညာဦးစီးဌာနမှ အား/ ကာ သိပ္ပံအသင်းနှင့် လေ့ကျင့်ရေး အသင်းတို့သည် ဘောလုံးသရုပ်ပြ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေး သည်။

အားပေးချီးမြှင့်

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မန္တလေး မြို့မှ မော်တော်ယာဉ်များဖြင့် ဆက် လက် ထွက်ခွာကြပြီး ကျောက်ဆည် မြို့သို့ရောက်ရှိကာ မြို့နယ်အားကစား ကွင်း မုခ်ဦးဆိုင်းဘုတ်နှင့် မိုးလုံလေလုံ အားကစားခန်းမဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေး ချီးမြှင့်သည်။

ရှေးဦးစွာ ကျောက်ဆည်မြို့ အားကစားကွင်း မုခ်ဦးဆိုင်းဘုတ်နှင့် မိုးလုံလေလုံ အားကစားခန်းမဖွင့်ပွဲ အခမ်းအနားကို မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့် နှင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့က ဖဲကြိုး ဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် မိုးလုံလေလုံ အားကစားခန်းမ ကမ္ပည်းကျောက်စာအား စက်ခလုတ် နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည် များ ပက်ဖျန်းပေးသည်။

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ●

မန္တလေးတိုင်း မဟာအောင်မြေ မြို့နယ် ရဟိုင်း အားကစားကွင်းကို တွေ့ရစဉ်။ (သတင်းစဉ်)

သဲအင်းဂူ တရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၁၆

တောင်ဥက္ကလာပမြို့နယ်အမှတ်(၅)ရပ်ကွက်(၄)ဝိုင်းဓမ္မရောင်ခြည် သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းတွင် အရှင်ပဏ္ဍာဝံသ(မိဂလုံ)သည် ခန္ဓာကိုယ်တွေ့ ဝိပဿနာ တရားစခန်းကို ဇူလိုင် ၂၅ ရက်မှ ၃၁ ရက်ထိ ကျင်းပမည်ဖြစ်ရာ တရားဝင်လိုသူယောဂီများ ကြိုတင်စာရင်းပေးသွင်း၍ အကျိုးတော်ဆောင်အဖွဲ့မှ အာဟာရဒါန လှူဒါန်းမည်ဖြစ်ရာ စေတနာရှင်များ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ခြိုးခြံချွေတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

နိုင်ငံတော်ကို တစ်ခေတ်ပြောင်းနေသော သမိုင်းမော်ကွန်း (၄)

အောင်မိုးခံ

ဒီကနေ့ ပြည်တွင်း၊ ပြည်ပ အင်အားစုအချို့ဟာ မြန်မာနိုင်ငံမှာ အမျိုးသားသင့်မြတ်ရေးနဲ့ ဒီမိုကရေစီရေး အမြန်ဆုံးကြိုးပမ်းသွားဖို့ တောင်းဆိုအကျပ်ကိုင် ဖိအားပေးနေပါတယ်။ ဒါဟာ အကျိုးဆက်ကို ကုစားနည်းသာဖြစ်ပါတယ်။ အကြောင်းရင်းဇာစ်မြစ်ကို ကုစားနည်းမဟုတ်ပါ။ ဥပမာအားဖြင့် ငှက်ဖျားရောဂါနဲ့ ယှဉ်တွဲပြီး ခေါင်းကိုက်မူးဝေမှု၊ အဖျားတက်မှု၊ အစားအသောက်ပျက်မှုတွေ ရှိပါတယ်။ အဲဒီလို ယှဉ်တွဲဖြစ်ပေါ်နေတဲ့ (Side Effects) အကျိုးဆက်တွေကို ကုစားနေရင် ရောဂါမပျောက်နိုင်ပါ။ (Symbtomatic Treatments) ပင်မငှက်ဖျားရောဂါကိုသာ တိုက်ဖျက်ရပါတယ်။ (Specific Treatment) ဒါမှသာ ရောဂါပျောက်မယ်ဖြစ်ပါတယ်။

ဒီကနေ့ အရွေးချယ်ခံထားရသူအချို့နဲ့ ကျောင်းသားလူငယ်အချို့ဟာ ပြည်ပထွက်ပြီး ဒီမိုကရေစီကို အကြမ်းနည်းနဲ့ထူထောင်ဖို့ ကြိုးပမ်းနေပါတယ်။ အချို့လည်း ပြည်ပအားကိုးနဲ့ ထူထောင်ဖို့ ကြိုးပမ်းနေပါတယ်။ ဥပဒေတွင်းအနုနည်းနဲ့ဒီမိုကရေစီ ထူထောင်သွားမယ်ဆိုတဲ့ အင်အားစုတွေကလည်း သင့်မြတ်စည်းလုံးရေးထက် ဆက်လက်တိုက်ပွဲဝင်ရေးလမ်းကို ကျင့်သုံးနေပါတယ်။ ဒီအင်အားစုတွေရဲ့ တူညီတဲ့အသွင်တစ်ရပ်ကတော့ တပ်မတော်အစိုးရနဲ့ မစေ့စပ်ရေးလမ်းပင် ဖြစ်ပါတယ်။ တပ်မတော် အစိုးရအပါအဝင် အမျိုးသားရေးအင်အားစုအားလုံး ဒီမိုကရေစီ ထူထောင်ရေး ဦးတည်ချက်တူပေမယ့် ဘာကြောင့် အခုလိုမစေ့စပ်ရေးလမ်းကို ရွေးချယ်နေရပါသလဲ။ ဒီမိုကရေစီ နိုင်ငံတော်ထူထောင်ဖို့ ချမှတ်ထားတဲ့ မူဝါဒလမ်းစဉ် (၇)ရပ်ကို မျက်ဝါးထင်ထင် တွေ့မြင်နေရပါရက်နဲ့ ဘာကြောင့်မစေ့စပ်ရေးလမ်းကို ရွေးနေပါသလဲ ဆိုတဲ့ အကြောင်းရင်းဇာစ်မြစ်ကို လေးနက်စွာ အဖြေရှာဆန်းစစ်သွားဖို့ဖြစ်ပါတယ်။ ၁၉၈၈ ခုနှစ် အရေးအခင်းတွင် ပေါ်ပေါက်လာတဲ့ လူထုလှုပ်ရှားမှုကို ဦးဆောင်မှုရယူလာတဲ့ အင်အားစုတွေဟာ များသောအားဖြင့် ရှေ့နေ၊ ဆရာဝန်၊ အနုပညာရှင် စတဲ့ တတ်သိပညာရှင်၊ ခေရှင်ပေါက်စ လူလတ်တန်းစားများသာ ဖြစ်ပါတယ်။ အနောက်ဥရောပမှာ ပေါ်ပေါက်ခဲ့တဲ့ ဂန္ထဝင်အရင်းရှင်တော်လှန်ရေးများမှာလို တက်သစ်စ အရင်းရှင်လူတန်းစားတွေရဲ့ အမာခံပြုမှုမရှိခဲ့ဘူး။ ဒါ့အပြင် ခေတ်မမီသေးတဲ့ လူ့အဖွဲ့အစည်းတွေမှာ ကိန်းအောင်းဖြစ်ပေါ်လေ့ရှိတဲ့ လူမှုပြဿနာများကို တစ်မဟုတ်ချင်း အံ့ဖွယ်သူရဲဖြေရှင်းဖန်တီးရှင် လူစွမ်းကောင်း မင်းလောင်းမျှော် အယူအဆတွေလည်း ထွက်ပေါ်လာခဲ့ကြပါတယ်။

ဒါကြောင့် ၁၉၈၈-၈၉ ခုနှစ်မှာ ပေါ်ပေါက်ခဲ့တဲ့ မြန်မာနဲ့ အရှေ့ဥရောပနိုင်ငံတွေမှာ ပြုပြင်ပြောင်းလဲရေး ဝိသေသလက္ခဏာ သုံးရပ်တွေ့ရပါတယ်။

၁။ အတိတ်က ဥရောပ ဂန္ထဝင်အရင်းရှင်တော်လှန်ရေးများလို အုပ်စိုးသူလူတန်းစားဟောင်းများရဲ့ ပြင်းထန်တဲ့ ခုခံဆန့်ကျင်မှုမရှိဘူး။ အဲဒီတုန်းက တည်ဆဲအုပ်ချုပ်သူများကိုယ်တိုင် ပြုပြင်ပြောင်းလဲရေးကို လိုလားလက်ခံချိန်မျိုး ဖြစ်ပါတယ်။

၂။ အတိတ်က ဂန္ထဝင် အရင်းရှင်ဒီမိုကရေစီ တော်လှန်ရေးမျိုးနဲ့မတူဘဲ ခေရှင်ပေါက်စ လူလတ်တန်းစားများ ဦးဆောင်မှုနဲ့ ပေါ်ပေါက်လာတာဖြစ်တယ်။

၃။ ခေတ်မမီသေးတဲ့ မြေယာလူ့အဖွဲ့အစည်းရဲ့ မိရိုးဖလာယုံကြည်ကိုးကွယ်မှုဖြစ်တဲ့ လူစွမ်းကောင်း မင်းလောင်းမျှော် စိတ်ဓာတ်တွေ လွှမ်းမိုးခဲ့တယ်။

အဲဒီလို အရေးအခင်းကြီးမှာ ဦးဆောင်မှုရယူလှုပ်ရှားခဲ့တဲ့ ခေရှင်ပေါက်စ လူလတ်တန်းစားတွေဟာ များသောအားဖြင့် နိုင်ငံရေးပါတီအသီးသီးတို့မှာ ပါဝင်လှုပ်ရှားလာခဲ့ကြပါတယ်။ အဲဒီခေရှင်ပေါက်စ ပညာတတ် လူလတ်တန်းစားများရဲ့ သဘောသဘာဝအပေါ် ခေတ်သစ်သိပ္ပံနိုင်ငံရေး ဘောဂဗေဒပညာရှင်ကြီးများက သူတို့ဟာ တိကျတဲ့ ကုန်ထုတ်လုပ်ရေးနယ်ပယ်ကို ကိုယ်စားပြုသူမဟုတ်၊ အရင်းရှင်လူတန်းစားဘက်သို့ ကူးပြောင်းတက်လှမ်းနိုင်သလို အလုပ်သမားလူတန်းစားဘက်သို့ လျှော့ကျနိုင်တဲ့ အနေအထားမှာ အမြဲရှိနေတယ်။ မခိုင်မာတဲ့ လူတန်းစားသာဖြစ်တယ်။ (Transitional Class) ဒီလူတန်းစားတွေရဲ့ တွေးခေါ်ဆောင်ရွက်မှုတွေဟာ တည်ကြည်ပြတ်သားစွာ ဆုံးခန်းတိုင် ဆင်နွှဲမှုမျိုးမရှိဘူး။ အပြောင်းအလဲမြန်ဆန်တယ်။ အစွန်းနှစ်ဖက်ကို ကူးနေတတ်တယ်လို့ ဆိုထားပါတယ်။

ဒီကနေ့တိုင် အဲဒီလို ခေရှင်ပေါက်စ လူတန်းစားလွှမ်းမိုးတဲ့ နိုင်ငံရေးပါတီအဖွဲ့အစည်းများဟာ သင့်မြတ်ရေးဘက်ကို ရောက်လိုက်၊ ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်ရေးဘက်ကို ရောက်လိုက်နဲ့ မတည်မငြိမ်အချိန်တွေသာ ကြာလာခဲ့ပါတယ်။ ဒီနိုင်ငံရေးပါတီ အဖွဲ့အစည်းတွေအနေနဲ့ အစကတည်းကသာ တပ်မတော်အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်သွားနိုင်မယ်ဆိုရင် မြန်မာနိုင်ငံဟာ ဒီကနေ့ အာဆီယံနဲ့ တောင်ကိုရီးယားတို့ လျှောက်လှမ်းလာခဲ့ရတဲ့ ခရီးထက် ဒီမိုကရေစီထူထောင်ရာတွင် ပိုမိုတိုတောင်း လျင်မြန်လာစရာရှိပါတယ်။ အခုတော့ ဒီပါတီအဖွဲ့အစည်းများရဲ့ စိတ်ကူးယဉ်ဒီမိုကရေစီအယူအဆ အတွေးအခေါ်တွေဟာ အမျိုးသားသင့်မြတ်စည်းလုံးရေးနဲ့ ဒီမိုကရေစီရေးအတွက် အတားအဆီးသဖွယ်ဖြစ်နေပါတယ်။

ဒါပေမယ့် အစွဲအလမ်းရှိသူနဲ့စာရင် အရိုးခံသက်သက် သာမန်ပြည်သူတွေကမှ အမှန်တရားနဲ့ ပိုမိုနီးစပ်ပါသေးတယ်ဆိုတဲ့ လူမှုသိပ္ပံတရားနဲ့အညီ ဒီကနေ့ ပြောင်းလဲတိုးတက်လာတဲ့ ဈေးကွက်စီးပွားရေးကို ခံစားလာကြတဲ့ လူထုအလွှာတွေက ဒီမိုကရေစီအင်အားစုရယ်လို့ ခံယူထားသူတွေထက်ပင် ဓမ္မဓိဋ္ဌာန်ကျစွာ ပါဝင်ဆောင်ရွက်လာပါတယ်။ ဒီမိုကရေစီ ခေတ်ပြောင်းတော်လှန်ရေးရဲ့ အမာခံအင်အားစုများအဖြစ် ရပ်တည်လာနေကြပါတယ်။

ဒါကြောင့် အသျှင်နန္ဒဝံသ(မဟာဝိဇ္ဇာ)ရေးတဲ့ သိပ္ပံဒဿန မြတ်ဗုဒ္ဓစာအုပ်မှာ ပုဂ္ဂလိကအစွဲနဲ့ ဓမ္မဓိဋ္ဌာန်တို့ ခြားနားမှုကို စဉ်းစားခြင်းနဲ့ သံသယဖြစ်ခြင်း ခေါင်းစဉ်နဲ့ အခုလို ဖတ်ရှုခဲ့ရပါတယ်-

"စဉ်းစားခြင်းသည် အမြော်အမြင်ရှိသူတို့၏ တာဝန်သိသိလုပ်ဆောင်အပ်သော လုပ်ငန်းဆောင်တာ အမျိုးအစားပင်ဖြစ်သည်။ သံသယဖြစ်ခြင်းမှာ အမြင်ကျဉ်းမြောင်းသူ၏ ခေါင်းမာမှုပင်ဖြစ်သည်။ ထိုသူသည် အတ္တကမ္ဘာကို ရိုက်ချိုးဖျက်ဆီးရန် ပျင်းရိနေသော ပုဂ္ဂိုလ်အမျိုးအစားဖြစ်လျက် ကျဉ်းမြောင်းသော အတ္တကမ္ဘာ ငါသညာမှ ကျယ်ပြောလွတ်မြောက် မှန်ကန်ရာ အသိပညာနယ် ကမ္ဘာဆီသို့ ထိုးဖောက်ထူးချွန်စွာ မရောက်ရှိနိုင်ဘဲ ကုပ်ကပ်ပိတ်ဆို့ထားခြင်း ခံနေရသူသာ ဖြစ်သည်။ ထို့ကြောင့် စဉ်းစားဆင်ခြင်ခြင်းသည် သံသယဖြစ်ခြင်းနှင့် လုံးဝကွဲပြားခြားနားနေသည်။ စဉ်းစားဆင်ခြင်ခြင်းတွင် ပြဿနာနှင့် ရလဒ်အဖြေ၏ စပ်ကြား၌ ပြဿနာမှစ၍ အဖြေအဆုံးအထိ ကြောင်းကျိုးမြော်မြင် သုံးသပ်ဆင်ခြင်အပ်သော စွမ်းရည်များ ပါဝင်သည်။ တစ်နည်းအားဖြင့် စဉ်းစားသည်ဆိုတိုင်း ပြဿနာမှ အစပြုကြသည်။ ထို့နောက် အဖြေနိဂုံးတွင် အဆုံးသတ်လေ့ရှိသည်။

စဉ်းစားသည်ဆိုရာတွင် သိရာမှအစပြု၍ မသိရာများကို သိလာရအောင် မြော်မြင်ဆင်ခြင်တွက်ဆခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် မသိသည်ကို သိရအောင် ကြံဆောင်နိုင်ခြင်း စွမ်းရည်သဘောကို ပိုင်ဆိုင်ရသည်။ သိခြင်းမှ မသိခြင်းသဘောကို သိရအောင် အသိသဘောတို့၏ ကူးလူးဆက်ဆံဆက်စပ်၊ ကျယ်ပြန့်နက်ရှိုင်း တိုးတက်စေခြင်းပင်ဖြစ်သည်။ မစဉ်းမစားနေခြင်း၌ အာရုံ၏ကျေးကျွန်အဖြစ် မေ့မျောကာ မပီပြတ်သား ဝိုးတဝါးမှေးမှိန်လျက်၊ မောဟ အဝိဇ္ဇာ၏အညို့ခံ သားကောင်သဖွယ် မတင့်မတယ်ဖြစ်နေရသည်။ စဉ်းစားဆင်ခြင်သောအခါ အာရုံတစ်ပါး၏ စေစားရာကို နဖားကြိုးအတပ်မခံ၊ ဝေဖန်ပိုင်းဖြတ် အကြံဉာဏ်ထုတ်လျက် ဟုတ်မှန်ရာကို ထိုးထွင်းသိမြင်လာစေနိုင်သည်။ အမှောင်ခွင်း၍ အလင်းကို ဆောင်စေနိုင်သည်။ သိမြင်ပွင့်လင်းခြင်းဖြင့် မေ့မျောပိတ်ဆို့၊ မှောင်မည်းခြင်းမှ လွတ်မြောက်ထွန်းလင်းလာနိုင်သည်။

စဉ်းစားခြင်းသည် ဉာဏ်၏အလုပ်ဖြစ်သည်။ တွေဝေမေ့မျော၊ အသိဉာဏ် မရှင်သန်စေခြင်းသည် စဉ်းစားခြင်းကို တုံ့နှေးတွန့်ဆုတ် မှေးမှိန်သေးသိမ်စေသည်။ စဉ်းစားဆင်ခြင်ရာ၌ အင်အားကောင်းသော စဉ်းစားဆင်ခြင်ခြင်းနှင့် အင်အားနည်းသော စဉ်းစားဆင်ခြင်ခြင်းဟူ၍ ကွဲပြားစွာ ခွဲခြားနားလည်နိုင်သည်။ အင်အားကောင်းသော စဉ်းစားဆင်ခြင်နိုင်သူသည် ခက်ခဲနက်နဲသော ပြဿနာရပ်များကို လွယ်လွယ်ကူကူပင် ဖြေရှင်းနိုင်သည်။ အင်အားနည်းသော စဉ်းစားဆင်ခြင်မှုရှိသူသည် လွယ်ကူသော ပြဿနာကိုပင် ခက်ခက်ခဲခဲ ဖြေရှင်းယူရလေသည်။ သံသယဖြစ်ခြင်းဆိုသည်မှာလည်း အသိပညာတံခါးကို ပိတ်ဆို့ထားခြင်းသာဖြစ်သည်။ ရိုးသားပွင့်လင်းမှု မရှိ။ တိုးတက်ကျယ်ပြန့်လိုမှုမရှိ။ ကျဉ်းမြောင်းကုပ်ကပ်သော အတ္တကမ္ဘာထဲမှာ တဝဲလည်လည် မူးယစ်စေလေသည်။ မိမိ၏ ကျဉ်းမြောင်းသော ငါသညာ ကမ္ဘာနယ်ပယ်ကို ဟုတ်လှပြီ၊ မှန်လှပြီ၊ ထင်မှတ်မှားကာ နွားခြေရာခွက်ထဲမှ ဖားသူငယ်ကဲ့သို့ မြစ်ပင်လယ်ကို မြင်နိုင်စွမ်း မရှိတော့ချေ။

အခြားတစ်ဖက်မှ ထပ်မံရှင်းကြပါသည်။ အရာရာကို ယုံလွယ်ခြင်းသည် မလိုလားအပ်ကြောင်း ထင်ရှားပါသည်။ ထို့အတူပင် မလိုလားအပ်သော်လည်း မထင်ရှားသော သဘောတစ်ခုမှာ အရာရာကို မယုံလွယ်ခြင်းပင် ဖြစ်ပါသည်။ ယုံလွယ်ခြင်းသည် မှားတတ်သည်ဆိုသည်မှာ ထင်ရှားပါသည်။ ထို့အတူပင် မှားတတ်သော်လည်း မထင်ရှားသော သဘောတစ်ခု ရှိပါသည်။ မယုံလွယ်ခြင်းပင် ဖြစ်ပါသည်။ ထပ်မံဖွင့်ဆိုပါဦးမည်။ ယုံလွယ်သဖြင့် မှားတတ်သကဲ့သို့ မယုံလွယ်သဖြင့်လည်း မှားနိုင်ပါသည်။ ယုံလွယ်သဖြင့် မယုံသင့်သည်ကို ယုံမိသဖြင့် မှားတတ်သကဲ့သို့ မယုံလွယ်သဖြင့် ယုံသင့်သည်ကို မယုံမိဘဲ မှားသွားနိုင်ပါသည်။ ယုံလွယ်ခြင်းသည် မလုပ်သင့်သည်ကို လုပ်ဆောင်မိသွားခြင်းဖြစ်သကဲ့သို့ မယုံလွယ်ခြင်းသည်လည်း လုပ်သင့်သည်ကို မလုပ်ဆောင်မိဘဲ အခွင့်အရေးလွဲမှား လက်လွတ်သွားတတ်ပါသည်။

ရှေ့သို့တစ်ဆင့် တက်ပါမည်။ စဉ်းစားခြင်းမှာ ယုံလွယ်ခြင်းမဟုတ်သဖြင့် မှားသွားပြီဟု အဆုံးအဖြတ် မပြုနိုင်သေးပါ။ သံသယဖြစ်ခြင်းမှာမူ မယုံလွယ်ဘူးဟု ဆုံးဖြတ် သတ်မှတ်ပြီးသွားပါသဖြင့် မှားသွားပါတော့သည်။ ထပ်ဆင့် တင်ပြပါဦးမည်။ ဆင်ခြင်စဉ်းစားခြင်းကြောင့် မှားရသည်ဟု မပြောအပ်သကဲ့သို့ မှားယွင်းသော စိတ်ကူးယဉ်မှုကို လက်ခံကာ တွေဝေမေ့မျောလျက်နှင့် မိမိကိုယ်တိုင် စဉ်းစားဆင်ခြင်နေသည်ဟု မပြောအပ်၊ မသတ်မှတ်သင့်ပါ။ ဆိုလိုသည်မှာ "စဉ်းစားဆင်ခြင်ခြင်း မဟုတ်သော စဉ်းစားဆင်ခြင်ခြင်း"ကို အသုံးမပြုရန် လိုအပ်ပါသည်။

ဤနေရာတွင် စဉ်းစားဆင်ခြင်ခြင်းနှင့် ပတ်သက်၍ အနည်းငယ် အကျယ်ချဲ့၍ တင်ပြပါဦးမည်။ စဉ်းစားထင်မြင်သည်ဆိုရာဝယ် ပထမ သိခြင်းနှင့်မသိခြင်းမှအစပြု၍ဒုတိယသိခြင်းနှင့် သိခြင်းတွင် အဆုံးသတ်သည်။ (ပထမ)သိခြင်းနှင့် မသိခြင်းကို မစဉ်းစားမီအခြေအနေဟု သတ်မှတ်နိုင်၍ (ဒုတိယ)သိခြင်းနှင့် သိခြင်းတွင် အဆုံးသတ်သောအခါ စဉ်းစားပြီးအခြေအနေဟု သတ်မှတ်နိုင်သည်။ တစ်နည်းအားဖြင့် စဉ်းစားသည်ဆိုသည်မှာ ပထမသိခြင်းနှင့် မသိခြင်းမှ အစပြု၍ ဒုတိယသိခြင်းနှင့် သိခြင်းတွင် အဆုံးသတ်သည်။ စပ်ကူးမတ်ကူးကာလတွင် ပထမပိုင်း၌ပါသော မသိခြင်းနှင့် ဒုတိယ အပိုင်းတွင်ပါသော သိခြင်းသို့ ဉာဏ်ပညာဖြင့် ယုတ္တိနည်းကျ ဆက်နွှယ်ကူးရောက်စေသည်။ မသိသည်ကို သိလာရအောင် ယုတ္တိနည်းကျ ကြံဆလာရသည်။ ထိုးထွင်းဆင်ခြင်လာရသည်။ ထို့ကြောင့် စဉ်းစားစပြုနေသောအခါ သိခြင်းနှင့် မသိခြင်းတို့ ပေါင်းစပ်နေသေးသော်လည်း စဉ်းစားပြီးစီးသွားသောအခါ သိခြင်းနှင့် သိခြင်းတို့သည်သာ ပေါင်းစပ် သွားတော့သည်။"

အမှားအမှန် ခွဲခြားကျင့်သုံးနိုင်ရေးအတွက် ခေတ်သစ်သိပ္ပံ နိုင်ငံရေးဘောဂဗေဒ ပညာရှင်ကြီးများကလည်း အလုပ်လမ်းညွှန်တရား လေးပါးကို အခုလို ညွှန်ကြားထားခဲ့ပါတယ်။

- * အကန်းယုံ၊ အရမ်းယုံမယုံကြဘဲ၊ သိပ္ပံပညာမျက်စိနဲ့သာ ဆင်ခြင်ကြပါစို့။
- * ဆင်ခြင်တုံတရားမဲ့တဲ့ ဆန္ဒစွဲယုံကြည်မှုတွေကို စွန့်လွှတ်ပြီး အသိအလိမ္မာ၊ ဉာဏ်ပညာကိုသာ အားကိုးကြပါစို့။
- * စနစ်တကျ လေ့လာသုံးသပ်မှု ကင်းမဲ့တဲ့ ဘဝကို စွန့်လွှတ်ပြီး လေးနက်တဲ့ အဘိဓမ္မာပေါ်မှာသာ အခြေခံကြပါစို့။
- * ဆင်ခြင်တုံတရားမဲ့တဲ့ အစွဲအလမ်းဟောင်းတွေပေါ်မှာ မျက်စိမှိတ်ဆုပ်ကိုင်ထားသူတွေနဲ့စာရင် အရိုးခံသက်သက် သာမန်ပြည်သူတွေကမှ အမှန်တရားနှင့် ပိုလို့နီးစပ်ပါသေးတယ်။

ဒါကြောင့် ဒီကနေ့ မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်စည်းလုံးရေးနဲ့ ဒီမိုကရေစီထွန်းကားရေးအတွက် လိုအပ်တဲ့အကြောင်းတရားနှစ်ပါးဟာ (၁) စိတ်ကူးယဉ်ဒီမိုကရေစီကို ခံယူထားကြတဲ့ ပါတီအဖွဲ့အစည်းများ၊ အင်အားစုများအဖို့ သဘောတရားအရ သိနားလည်ရာသို့ သွားရာအကောင်းဆုံးသောလမ်းဟာ မိမိတို့အမှားကတစ်ဆင့် သင်အံ့ယူသောလမ်း၊ ခါးသီးသော အတွေ့အကြုံကို ဖြတ်သန်းရသောလမ်းသာ ဖြစ်တယ်ဆိုတဲ့ လူမှုသိပ္ပံတရား လက်ကိုင်ထားပြီး မိမိကိုယ်ဝေဖန်ရေးဖြင့် ပြုပြင်ပြောင်းလဲကာ အမျိုးသား သင့်မြတ်စည်းလုံးရေးကို ကြိုးပမ်းသွားကြဖို့ လိုပါတယ်။

(၂) ဒီမိုကရေစီ နိုင်ငံတော် ဖြစ်ပေါ်လာရေးအတွက် စီးပွားရေးကုန်ထုတ်စွမ်းအားစုများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး အရင်းရှင်နဲ့ အလုပ်သမားလူတန်းစား ဖွံ့ဖြိုးခိုင်မာရေးကို ကြိုးပမ်းသွားရန်မှအပ အခြားလမ်းမရှိနိုင်ပါ။ ဒီအမျိုးသားရေးတာဝန်ကြီးနှစ်ရပ် ပြီးမြောက်အောင်မြင်ရေးအတွက် ချမှတ်ထားတဲ့ နိုင်ငံတော်ရဲ့ မူဝါဒလမ်းစဉ်(၇)ရပ်ကို တစ်မျိုးသားလုံး စုပေါင်းလုံ့လပြု အကောင်အထည်ဖော်သွားကြဖို့ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီမူဝါဒလမ်းစဉ် (၇)ရပ်ဟာ နိုင်ငံတော်ကို တစ်ခေတ်ပြောင်းနေသော သမိုင်းမော်ကွန်းဖြစ်တယ်ဆိုတာကို တင်ပြလိုက်ရပါတယ်။ ။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၇-၇-၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ **ဆရာတော်ဦးဃောသိတ တရားတော် "ဝေဒနာနုပဿနာ သတိပဋ္ဌာန်"**
- **၉:၁၀** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၉:၁၁** ၁၂။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၂၀** ၄။ ချစ်သူစုံတွဲတူယှဉ်နွဲ
- **၄:၃၀** ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၃၅** ၆။ မြန်မာသံစဉ်ချိုနားဝင်
- **၄:၄၅** ၇။ မျိုးချစ်တပ်မတော်
- **၅:၀၀** ၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်**

The Nature And Meaning of Law

(ပထမနှစ်-ဥပဒေအထူးပြု)

- **၅:၃၀** ၉။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- **၅:၄၅** ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၂။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၃။ မိုးလေဝသသတင်း
- **၆:၂၅** ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၃၀** ၁၅။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ရတနာရွှေအိုး (အပိုင်း-၁၆)**
- **၈:၀၀** ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ အရှင်ဇနကာဘိဝံသ၏ထေရုပ္ပတ္တိ **"သြဝါဒကောင်းမွန် ကောင်းကျိုးညွှန်"**
- ၂၃။ ယနေ့ညအတွက်တေးလက်ဆောင်
- ၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး" ဒုတိယတွဲ (အပိုင်း-၃၇)**
- ၂၅။ သင့်အတွက်မနက်ဖြန်
- ၂၆။ အပိတ်နှုတ်ဆက်စကား
- ၂၇။ ပြီးပါပြီ။

ကျေးလက်အိမ်ရာ ဖြင့်ကွင်းများ

မန္တလေးတိုင်း ဝမ်းတွင်းမြို့နယ် ကန်သစ်ကျေးရွာတွင် တည်ဆောက်ထားသည့် ကျေးလက်အိမ်ရာများကို တွေ့ရစဉ်။ (ဓာတ်ပုံ-မြို့နယ်/စည်ပင်)

ပဲခူးတိုင်း(အနောက်ပိုင်း) ကြို့ပင်ကောက်မြို့နယ် ဥက္ကံကျေးရွာအုပ်စုတွင် ကျေးလက်အိမ်ရာများ တည်ဆောက်ပြီးစီးမှုကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံ-မြို့နယ်/စည်ပင်)

စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ် ရွှေပန်းကုန်းကျေးရွာတွင် ဆောက်လုပ်လျက်ရှိသည့် ကျေးလက်အိမ်ရာများကို တွေ့ရစဉ်။ (ဓာတ်ပုံ-၂၂၉)

မန္တလေးတိုင်း သာစည်မြို့နယ် ရွာကြီးကျေးရွာတွင် အကောင်အထည်ဖော် တည်ဆောက်ပေးထားသည့် ကျေးလက်အိမ်ရာ အဆောက်အအုံများကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံ-နယ်စပ်/စည်ပင်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန်းနီမြို့နယ် မိုင်းလီစံပြကျေးရွာရှိ ကျေးလက်အိမ်ရာများကို တွေ့ရစဉ်။ (ဓာတ်ပုံ-သတင်းစဉ်)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

☆ ရှေ့ဖုံးမှ

ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ မိဘများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးဗိုစောတို့က ဖဲကြိုးဖြတ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ကမာရွတ်မြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ကမာရွတ်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာ စာသင်ခန်းများ ဖွင့်ပွဲတွင် မာလ်တီမီဒီယာစာသင်ခန်းများ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် ကမာရွတ်မြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၏ မာလ်တီမီဒီယာ စာသင်ခန်းများ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် Computer Lab Room၊ Language Lab Room၊ Computer Aided Instruction Room၊ Electronic Media (Video) Room၊ Study Room (Audio / Reading) နှင့် အိမ်တွင်းမှု ပန်းချီရသခန်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြပြီး ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား နှုတ်ဆက်အားပေးကြသည်။

ထို့နောက် ဂီတရသခန်း၌ ဖွင့်ပွဲအစီအစဉ်များကို ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက ပြည်ထောင်စု တေးသရုပ်ဖော်နှင့် ဦးရွှေရိုး-ဒေါ်မိုး အကတို့ဖြင့် ဖျော်ဖြေကြသည်။

အမှာစကားပြောကြား

ယင်းနောက် အတွင်းရေးမှူး(၁)က အမှာစကားပြောကြားရာတွင် ဆရာ၊ ဆရာမများနှင့် မိဘများ၏ သွန်သင်ဆုံးမပဲ့ပြင်မှု၊ ကျောင်းသား၊ ကျောင်းသူများကိုယ်တိုင် ကြိုးစားအားထုတ်မှု၊ ပင်ကိုအရည်အသွေး ကောင်းမွန်မှုတို့အပေါ် အခြေပြု၍ အခြေခံပညာကျောင်းများမှတစ်ဆင့် တိုင်းပြည်အတွက် အားထားရသည့် လူရည်ချွန်လူရည်မွန်များ ထွက်ပေါ်လာနိုင်ကြောင်း၊ ထွက်ပေါ်လာသည့် အစဉ်အလာကောင်းများလည်း ရှိပြီးဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့်လည်း ပညာရည် မြင့်မားတိုးတက်ရေးစီမံကိန်းများဖြင့် အခြေခံပညာကဏ္ဍရော၊ အဆင့်မြင့်ပညာကဏ္ဍပါ တိုးတက်မြင့်မားလာအောင်၊ ထူးချွန်ထက်မြက်သည့် ပညာတတ်များ ပေါ်ထွက်လာအောင် ကြိုးပမ်းစီမံပေးလျက်ရှိကြောင်း။

ပြည့်စုံအောင်မြင်

သက်ဆိုင်ရာ မိဘပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဆရာ၊ ဆရာမများ၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းကို ပြည့်စုံအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ပြီဖြစ်ကြောင်း။

ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းနေရေး စီမံချက်ကိုလည်း ရာနှုန်းပြည့်နီးပါးခန့် ထိရောက်စွာ ပူးပေါင်းအကောင်အထည်ဖော်နိုင်ပြီဖြစ်ကြောင်း။

ခြုံလိုက်လျှင် တိုင်းပြည်၌ ပညာတတ်မြောက်ရေး၏ အခြေခံကောင်းများကို ထူထောင်မြှင့်တင်နိုင်ပြီဟု ဆိုနိုင်ပြီဖြစ်ကြောင်း။

တစ်ပြိုင်တည်းတည်ဆောက်နေ

ယခုကဲ့သို့ ပညာရေးကဏ္ဍ တိုးတက်မြင့်မားအောင် ကြိုးပမ်းဆောင်ရွက်သကဲ့သို့ တစ်ဖက်မှလည်း နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး ဘက်စုံထောင့်စုံ ကဏ္ဍစုံက ဖွံ့ဖြိုးတိုးတက်လာအောင် လိုအပ်သော အခြေခံများကို တစ်ပြိုင်တည်း တည်ဆောက်ထူထောင်နေရကြောင်း။

ရည်ရွယ်ချက်မှာ မိမိတို့ နိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ လူနေမှုဘဝ ပြည့်စုံလုံခြုံအောင်၊ နိုင်ငံတော်ကြီး အဓွန့်ရှည်တည်တံ့အောင် အပတ်တကုတ် ကြိုးပမ်းနေခြင်းဖြစ်ကြောင်း။

အခွင့်အလမ်းကောင်းများတွေ့ရ

ယင်းသို့ ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်ရာ၌ နိုင်ငံတော်အစိုးရ၏ မှန်ကန်သော ဦးဆောင်မှုအောက်တွင် ဒေသဆိုင်ရာ အာဏာပိုင်များ၊ နိုင်ငံ့ဝန်ထမ်းများ၏ ကြိုးကြိုးစားစား အကောင်အထည်ဖော်ဆောင်ရွက်မှု၊ ပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များ၏ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်မှုများကြောင့် နိုင်ငံတော်ကြီးတစ်ရပ်လုံးသည် ဆက်တိုက်ဖွံ့ဖြိုးတိုးတက်လာမည့် အခွင့်အလမ်းကောင်းများကို တွေ့ရှိနေကြရပြီဖြစ်ကြောင်း။

ထို့ကြောင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စစ်မှန်သော ဒီမိုကရေစီ နိုင်ငံတော်သစ်ကို မှန်ကန်သည့် မူဝါဒလမ်းစဉ်များအတိုင်း ဆက်လက်တည်ဆောက် အကောင်အထည်ဖော်ရာ၌ မိမိတို့ ကျရာအခန်းကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းတာဝန်ယူဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း။

ဆရာ၊ ဆရာမများ အနေဖြင့် မိမိတို့၏ မွန်မြတ်သော လုပ်ငန်းတာဝန်သဘာဝကို ဂုဏ်ယူစွာ နားလည်ခံယူပြီး ကျောင်းသား၊ ကျောင်းသူများအား စာပေပညာ အမှန်တကယ် တတ်မြောက်ရုံသာမက အနာဂတ်နိုင်ငံတော်အတွက် အားကိုးရမည့် ဘက်စုံ ထူးချွန်ထက်မြက်သူများဖြစ်လာအောင် ပြုစုပျိုးထောင် သင်ကြားပေးသွားကြရန် လိုကြောင်း။

မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ကမာရွတ်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာ စာသင်ခန်းများဖွင့်ပွဲတွင် ကျောင်းအတွက် ကွန်ပျူတာများနှင့် ကျောင်းရန်ပုံငွေများကို ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်အား ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကျောင်း၌ တပ်ဆင်ထားသည့် သင်ထောက်ကူပစ္စည်းများကို အပြည့်အဝ ထိထိရောက်ရောက် အသုံးပြု သင်ကြား / သင်ယူသွားနိုင်ကြရန် အရေးကြီးကြောင်း။

အပြိုင်အဆိုင် ကြိုးစားသင်ယူနေကြသည့် ပညာ့ခေတ်တွင် နိုင်ငံတော်၏အနာဂတ်ကို ဆက်လက်သယ်ပိုးတည်ဆောက်သွားမည့် လူငယ်လူရွယ် ထူးချွန်သူများဖြစ်အောင်၊ တိုင်းချစ် ပြည်ချစ်စိတ် ရှိသည့် နိုင်ငံ့သားကောင်းများ ဖြစ်အောင် လေ့ကျင့်သင်ကြားသွားကြရန် တိုက်တွန်းကြောင်းဖြင့် မှာကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် ကျောင်းအတွက် ကွန်ပျူတာများ၊ ကျောင်းရန်ပုံငွေများကို ဝန်ကြီး ဦးသန်းအောင်အား ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးဗိုစောက မာလ်တီမီဒီယာ စာသင်ခန်းများ ဖြစ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြပြီး ကျောင်းအုပ်ဆရာကြီး ဦးစိန်မြင့်က မာလ်တီမီဒီယာ စာသင်ခန်းများ ဖွင့်လှစ်နိုင်ခြင်းအတွက် ဝမ်းမြောက်ကျေးဇူးတင်စကားပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး အတွင်းရေးမှူး(၁)သည် ဆရာ၊ ဆရာမများ၊ မိဘများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် စုပေါင်း၍ မှတ်တမ်းဓာတ်ပုံရိုက်သည်။ (သတင်းစဉ်)

ပဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ကောဒသမအစည်းအဝေး ပထမနေ့ကျင်းပ

ရန်ကုန် ဇူလိုင် ၁၆

ပဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ပါးစုံညီ ကောဒသမအစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာ ဓမ္မသဘင်ဦကျောင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ သာသနာရေးဦးစီးဌာနနှင့် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်၊ တိုင်း၊ ခရိုင် သာသနာရေးမှူးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိ ဆရာတော်အဖြစ် နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ မြင်းခြံမြို့ ကိုးဆောင်တိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ သောဘိတ



ပဋ္ဌမ အကြိမ် နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ကော ဒသမ အစည်း အဝေး ပထမနေ့ တွင် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ မြင်းခြံ မြို့ ကိုးဆောင်တိုက် ဆရာတော် အဘိ ဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တ သောဘိတ ၏ သမ္မောဒနီယ ဩဝါဒ ကထာကို သဘာပတိ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သရက်မြို့ အောင်မင်္ဂလာ ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကောသလ ဖတ်ကြားတော်မူစဉ်။ (သတင်းစဉ်)



ပဋ္ဌမ အကြိမ် နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ကော ဒသမ အစည်း အဝေး ပထမနေ့ တွင် အခမ်းအနား မှူး ဆရာတော် အဖြစ် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ တွဲဖက်အကျိုး တော်ဆောင် ဆရာ တော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဓဇ ဘဒ္ဒန္တ တေဇ နိယ ဆောင်ရွက် တော်မူစဉ်။ (သတင်းစဉ်)

အခမ်းအနားမှူး ဆရာတော်အဖြစ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာ တော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ တေဇနိယ က ဆောင်ရွက်တော်မူသည်။

အစည်းအဝေးထမြောက်

ရှေးဦးစွာ အခမ်းအနားမှူး ဆရာ တော်က အစည်းအဝေးစတင်ကြောင်း နှင့် ကြွရောက်တော်မူလာကြသည့် နိုင်ငံတော် သံဃမဟာနာယက ဆရာ တော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြား လျှောက်ထားတော်မူပြီး အစည်းအဝေး ထမြောက်အောင်မြင် ကြောင်း လျှောက်ထားကြေညာတော် မူသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ဥက္ကဋ္ဌ မြင်းခြံမြို့ ကိုးဆောင်တိုက် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ သောဘိတ၏ သမ္မောဒနီယ ဩဝါဒကထာကို သဘာပတိ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သရက်မြို့ အောင်မင်္ဂလာကျောင်းတိုက် ဆရာ တော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ကောသရ က ဖတ်ကြားတော်မူသည်။

သာသနာရေးလျှောက်ထား

ယင်းနောက် သာသနာရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင် က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

တင်သွင်းလျှောက်ထား

ထို့နောက် ပဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ဒုတိယ အဖွဲ့ခွဲ)၏ စတုတ္ထအကြိမ် တာဝန် ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို တွဲဖက် အကျိုးတော်ဆောင် ဆရာတော် အဂ္ဂ မဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိ ကဓဇ ဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသက တင်သွင်းလျှောက်ထားတော်မူသည်။

ယင်းနောက် ပဋ္ဌမအကြိမ် နိုင်ငံ တော် သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင် ရွက်ချက် အစီရင်ခံစာကို အဖွဲ့ဝင် ဆရာတော်များက ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားတော်မူကြပြီး ကိုယ်စား နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ သရက်မြို့ အောင်မင်္ဂလာကျောင်း တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ကောသရက ဆောင်ရွက်တော်မူပြီး



ပဋ္ဌမ အကြိမ် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ (၄၇) ပါးစုံညီ ကောဒသမ အစည်းအဝေးပထမ နေ့တွင် ပဋ္ဌမ အကြိမ် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့(ဒုတိယအဖွဲ့ခွဲ) ၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလ အတွင်း ဆောင်ရွက် ချက် အစီရင်ခံစာ အကျဉ်းကို တွဲဖက် အကျိုးတော်ဆောင် ဆရာတော် အဂ္ဂ မဟာပဏ္ဍိတ အဂ္ဂ မဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသ တင်သွင်းလျှောက်ထား တော်မူစဉ်။ (သတင်းစဉ်)

အစည်းအဝေးကို နံနက် ၉နာရီခွဲတွင် ခေတ္တရပ်နားသည်။

ဆွေးနွေးဆုံးဖြတ်

ထို့နောက် အစည်းအဝေးကို မွန်းလွဲ ၁နာရီတွင် ပြန်လည်ကျင်းပရာ ဝိနိစ္ဆယရေးရာ၊ သာသနာရေးကိစ္စ များကို ဆွေးနွေးဆုံးဖြတ်တော်မူကြ ပြီး အစည်းအဝေးပထမနေ့ အစီအစဉ် များကို ညနေပိုင်းတွင် ရပ်နားလိုက် သည်။

ပဋ္ဌမအကြိမ်နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ (၄၇)ပါးစုံညီ ကော ဒသမအစည်းအဝေး ဒုတိယနေ့ကို ဇူလိုင် ၁၇ရက်တွင် ဆက်လက်ကျင်းပ မည်ဖြစ်သည်။

ပဋ္ဌမအကြိမ် နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ကောဒသမအစည်းအဝေးသို့ ကြွ ရောက်တော်မူလာကြသည့် ဆရာ တော်ကြီးများအား အကြိုညီနှိုင်းအစည်း အဝေး တတိယနေ့ ဇူလိုင် ၁၅ရက်တွင် ကွယ်လွန်သူများဖြစ်ကြသော ဗိုလ်မှူး ကြီးလှဘုန်းနှင့် ဒေါ်တင်တင်တို့အား ရည်စူး၍ ကျန်ရစ်သူမိသားစု အမှတ်(၂) အနောက်မေခလမ်းသွယ် (၂) မရမ်းကုန်းမြို့နယ်တို့က လည်း ကောင်း၊ (၄၇)ပါးစုံညီအစည်းအဝေး ပထမနေ့ ဇူလိုင် ၁၆ရက်တွင် ဒေါ်မြင့် မြင့်သိန်းနှင့် ဒေါ်ခင်ဝင်းမြင့် ညီအစ်မ တစ်စု အမှတ်(၂၆) မြစပယ်လမ်း ပါရမီရိပ်သာနှင့် အမှတ်(၂၅) ကမ္ဘောဇ လမ်း ဗဟန်းမြို့နယ်တို့က လည်း ကောင်း တစ်နေ့တာ ဆွမ်းခဲဖွယ် ဘောဇဉ်တို့ကို ဆက်ကပ်လှူဒါန်းကြ သည်။ (သတင်းစဉ်)

ပဋ္ဌမအကြိမ် နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ကောဒသမ အစည်းအဝေး ပထမ နေ့တွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် သာသနာရေးဆိုင်ရာများ လျှောက် ထားစဉ်။ (သတင်းစဉ်)

ဝါဆိုလပြည့် ဓမ္မစကြာ... သောက်ရေသန့်ဒါနပြု...

ရန်ကုန် ဇူလိုင် ၁၆

၁၃၆၆ခုနှစ် ဝါဆိုလပြည့်နေ့ (... ၃၁ရက်)တွင် ရွှေတိဂုံစေတီ... အလယ်ပစ္စယာ သောကြာ... မြောက်ဘက်မုခ် စောင်းတန်း... ဝေနေယျသုခဓမ္မာရုံနှင့် ရွှေတိဂုံ... တော် အလယ်ပစ္စယာ စောင်း... လေးသွယ်တို့ အနီးမှနေ၍ ဝေ... သုခရေချမ်းစင်အသင်း (၉၉)နှ... အထိမ်းအမှတ်အဖြစ်သောက်ရေသ... များကို တစ်နေကုန် စတုဒိသာ ... လှူဒါန်းမည်။ ရာသက်ပန် သော... သန့်ရေပဒေသာပင်တစ်ပင်လှူင်အ... ဆုံး ကျပ်တစ်သောင်းနှုန်းဖြင့် လှ... နိုင်ရန် ဖုန်း-၃၈၁၇၃၆သို့ ဆက်... လှူဒါန်းနိုင်သည်။ (သတင်...

မိုးကုတ်ဝိပဿနာ(ဝါ... ၁၀ရက် တရားစခန်း...

ရန်ကုန် ဇူလိုင် ၁၆

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြ... ဆ/ခရပ်ကွက် မိုးကုတ်ဝိပ... ပုဏ္ဏမိဓမ္မရိပ်သာကျောင်းတိုက် ... အကျိုးတော်ဆောင်များက ကြ... (၆၇)ကြိမ်မြောက် ဝါဆိုတရားစ... ကို ၁၃၆၆ခုနှစ် ဒုတိယဝါဆိုလ... ၁၄ ရက် (ဇူလိုင် ၃၀ရက်)မှ ဒု... ဝါဆိုလပြည့်ကျော် ၉ရက် (ဩ... ၉ရက်)ထိ ၁၀ရက်စခန်းပွဲကို ... တော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုး... ဆရာတော်ကြီး၏ ဥပနိဿယအ... ကမ္မဋ္ဌာနာစရိယ သုဝဏ္ဏသိဂ... တော် ဦးကစ္စာယန အရှင်သူမြ... မိုးကုတ်ဓမ္မကထိက ဆရာကြီး ဦ... တင်တို့က ဝိပဿနာ အလု... တရားနှင့် သစ္စာလေးပါးတရား... တရားဝင် ယောဂီသူတော်စင်မျာ... ခန္ဓာအရှိကို ဉာဏ်အသိနှင့်ကို... သစ္စာဆိုက်ဆောင် ဟောကြာ... မည်ဖြစ်သည်။ တရားစခန်းဝ... ယောဂီများသည် ဒုတိယဝါဆိုလ... ၁၃ရက် (ဇူလိုင် ၂၉ရက်) ညနေ... အရောက် မိုးကုတ်ဝိပဿနာ ... မွေ့ရိပ်သာကျောင်းတိုက်သို့ ကြ... ကြပါရန် ဖတ်ကြားထားသည်။ ...

ရဟန်းတော်များ ဝိပဿနာသင်တန်း

ရန်ကုန် ဇူလိုင် ၁၆

ရန်ကုန်မြို့ ရွှေတိဂုံအရှေ့ဘက်မုခ် ကြားတောရလမ်း ဗဟန်းရှိ ပ-သုံးလုံး ဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ်တွင် ဒုတိယဝါဆိုလပြည့်ကျော် ၈ ရက် (ဩဂုတ် ၈ရက်)မှစ၍ ဝါတွင်းဥပုသ် နေ့တိုင်း မွန်းလွဲ ၁နာရီမှ ၃နာရီအထိ ရဟန်းတော်များ ဝိပဿနာ သင်တန်း ဖွင့်လှစ်ပို့ချမည်ဖြစ်ရာ ပထမလတ် တန်း အောင်လက်မှတ်(မိတ္တူ)၊ သာသနာဝင်မှတ်တမ်း၊ ရပ်ကွက် သံဃနာယကအဖွဲ့ ထောက်ခံစာ၊ ဓာတ်(စ်)ပို့အရွယ်ဓာတ်ပုံ နှစ်ပုံတို့နှင့် အတူ ဩဂုတ် ၂ရက်မှစ၍ လျှောက် ထားနိုင်သည်ဟု သိရသည်။ (၂၃)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၇-၇-၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာ တော်ကြီး နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ အကျိုး တော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂ မဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာ ဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈:၁၀ ၆။ အတီးပြိုင်ပွဲ
- ၈:၂၀ ၇။ ကံတင်ဘီးလင်းရေလှောင်တမံ
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Grammar Made Easy.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁:၄၀ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁:၄၀ ၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ သစ္စာချစ်ပန်း (အပိုင်း-၉)**
- ၂:၁၀ ၆။ ထူးချွန်မြန်မာအမျိုးသမီးများ
- ၂:၂၅ ၇။ **နိုင်ငံ့သားကောင်းဟူသည် (ဌေးဝင်း၊ မြင့်ဝေ၊ သန်းဝင်း၊ ကျော်ရှိန်၊ တင်တင်အိ၊ တင်မို့မို့ အေး) (ဒါရိုက်တာ-ဌေးဝင်း)**
- ၂:၃၅ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၂:၄၅ ၉။ International News.
- ၃:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (ပထဝီဝင်အထူးပြု) (ရုက္ခဗေဒ)
- ၅:၁၅ ၆။ အကပဒေသာ
- ၅:၃၀ ၇။ မြန်မာစာ၊မြန်မာစကား
- ၅:၄၀ ၈။ မြင်းခြံစိန်သန်းဌေးဆိုင်းအဖွဲ့ ဖျော်ဖြေခန်း
- ၅:၅၅ ၉။ တေးဂီတအစီအစဉ်
- ၆:၀၅ ၁၀။ မိုးလရာသီရောက်ခဲ့ပြီ မြေဆီစိုခိုက်သစ်ပင်စိုက်
- ၆:၁၅ ၁၁။ တေးဂီတအစီအစဉ်
- ၆:၃၀ ၁၂။ ညနေခင်းသတင်း
- ၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၄။ Discovery
- ၇:၁၅ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ နှင်းပွင့် (အပိုင်း-၂၉)**
- ၇:၄၅ ၁၆။ ကျေးလက်ဒေသတစ်ခွင်အလှဆင်
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ နှလုံးသားထဲက တစ်ခုတည်းသော အချစ် (အပိုင်း-၇)**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

အာဆီယံ ရေဒီယိုဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်နိုင်

ရန်ကုန် ဇူလိုင် ၁၆

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရေဒီယိုအစီအစဉ်မှ ASEAN in Action စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အရှေ့တောင် အာရှနိုင်ငံများအသင်း (အာဆီယံ)အကြောင်း သိကောင်းစရာများကို အပတ်စဉ် စနေနေ့ နံနက် ၉နာရီ ၄၅မိနစ်တွင် အသံလွှင့်လျက်ရှိသည်။

ချီးမြှင့်မည်

လစဉ်ပြုလုပ်လျက်ရှိသော ASEAN Radio Quiz ပြိုင်ပွဲများမှ ဇူလိုင်လ အတွက် ပြိုင်ပွဲကို ဩဂုတ် ၃ရက်(အင်္ဂါနေ့) နံနက် ၁၀နာရီတွင်ပြုလုပ်မည်ဖြစ်ရာ ဖြေဆိုလိုသူများသည် နံနက် ၉နာရီခွဲအရောက် မြန်မာ့အသံသို့ လာရောက် သတင်းပို့ကြရန်ဖြစ်သည်။ စိတ်ပါဝင်စားသူ မည်သူမဆို ပညာအရည်အချင်း၊ အသက်အရွယ်ကန့်သတ်ချက်မရှိ ဝင်ရောက်ဖြေဆိုနိုင်ကြောင်းနှင့် ထိုက်တန် သော ဆုကြေးနှင့် စရိတ်များ ချီးမြှင့်မည်ဖြစ်သည်။ (သတင်းစဉ်)

အဘိဓမ္မာအခါတော်... ကျူးရင့်သံများဖြန့်ချိ...

ရန်ကုန် ဇူလိုင် ၁၆

အဘိဓမ္မာခုနစ်ကျမ်း ပါဠိ... ကောက်နုတ်ချက်များနှင့် အဘိ... ပြန့်ပွားရေးအသင်းကြီး၏ ဩ... စရိယ မင်းကွန်းဆရာတော်ကြီး ... ဝိစိတ္တသာရာဘိဝံသ မဟာ... ရေးသားချီးမြှင့်သည့် အဘိဓမ္မာ... တော်နေ့ကျူးရင့်သံ စာအုပ်မှ... ကိုယ်တိုင်လာရောက် ထုတ်ယူလို... အသင်းခွဲများသည် ဆူးလေစေတီ... ရင်ပြင်ရှိ အဘိဓမ္မာ ပြန့်ပွ... အသင်းရုံးခွဲတွင် ရုံးချိန်အတွင်... ရောက်ထုတ်ယူနိုင်သည်။ (...

❖ ဌာနဆိုင်ရာမှ

အခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီးဗိုလ်မှူးချုပ်မြင့်သိန်း၊ ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးကြီး ညိုထွန်းနှင့် တပ်မတော်အရာရှိကြီးများ၊မုံရွာခရိုင်၊ မော်လိုက်ခရိုင်၊ ကလေးခရိုင်နှင့်ဂန့်ဂေါ ခရိုင်တို့မှ ခရိုင်နှင့် မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ များ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့ ဝင်များ၊ ဘင်ခရာနှင့် ပန်းဖွားအက အဖွဲ့ဝင်များ၊ မုံရွာမြို့နယ် သဘင် ပညာရှင်များအစည်းအရုံး၊ မင်္ဂလာ စည်တော်ကြီးအဖွဲ့၊ ဆားလင်းကြီး မြို့နယ် ဂုံတော၊ ဒုန်းတော၊ ကံကုန်း၊ ရွာသာ၊ ကျောက်မျက်၊ ထနောင်း ကုန်း၊ ကြေးနီကျေးရွာများနှင့် ယင်းမာ ပင်မြို့နယ်၊ အရာတော်မြို့နယ်၊ မုံရွာ မြို့နယ်တို့မှ ဒေသခံပြည်သူများ စုစု ပေါင်းအင်အား ၁၅၀၀၀ကျော် တက်ရောက်ကြသည်။

အမှာစကားပြောကြား

မြောက်ယမားချောင်း တံတားဖွင့်ပွဲ အခမ်းအနားတွင် နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့်က အမှာစကား ပြောကြားရာ၌ ယခင်ကဤနေရာတွင် တံတားမရှိဘဲ ချောင်းအတွင်း ဆင်းပြီး ဖြတ်သန်း သွားလာခဲ့ကြရသည့် အတွက် မိုးရာသီကာလ တောင်ကျ ရေကြောင့် ယမားချောင်း ရေစီးကြမ်း ပြီဆိုပါက သွားလာရေး ခက်ခဲပင်ပန်းခဲ့ သည်ကို ဒေသခံပြည်သူများ အားလုံး အသိပင်ဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်း မြောက်ပိုင်းနှင့် တောင်ပိုင်း၊ မကွေးတိုင်း များကို သွားလာရာတွင်လည်း လမ်းကြောင်းတစ်ဖြောင့် တစ်ကြောင်း တည်း မသွားလာနိုင်ကြဘဲ မုံရွာမှ တစ်ဆင့်သာ ခရီးဆက်သွားလာရသည့် အတွက် လမ်းခရီး တစ်ထောက်နားပြီး အချိန်ကုန်လူပန်းဖြစ်ခဲ့ကြကာ ငွေကုန် ကြေးကျ ပိုမိုခဲ့ကြရကြောင်း။

ထို့အပြင် ဆင်ဖြူရှင်တံတားနှင့် ချင်းတွင်းမြစ်ကူး (မုံရွာ) တံတားကြီး နှစ်စင်းအကြားမှာရှိသည့် မုံရွာတစ်ဖက် ကမ်း ဒေသများသည်လည်း ဇက် ကူးတို့ကိုသာ အားကိုးသွားလာရသည့် အတွက် ခရီးမတွင်ဘဲ အချိန်ကြန့်ကြာ မှုများ ကြုံတွေ့ခဲ့ကြရကြောင်း။

ကိုယ့်အားကိုယ်ကိုး

ထို့ကြောင့်လည်း ဤလမ်း၊ ဤခရီး ကို ရာသီမရွေး ဖြတ်သန်းသွားလာနိုင် စေရန် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်မှုကိုခံယူပြီး စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၏ အစီအမံဖြင့် ဌာနဆိုင်ရာ များ၊ ဒေသခံပြည်သူများ ပူးပေါင်း ပါဝင်ပြီး ဤချောင်းကူးတံတားကို ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့ ခြင်းဖြစ်ကြောင်း၊ တံတားတည်ဆောက် ရာတွင်လည်း ယမားချောင်း၏ ထူးခြား သည့် သဘာဝအနေအထားအရ တံတားကို သစ်သားနှင့်တစ်ပိုင်း၊ ဘေလီကြိုးဆိုင်းနှင့်တစ်ပိုင်း အပိုင်း နှစ်ပိုင်း ဆက်စပ်တည်ဆောက်ခဲ့ရပြီး ချောင်းကလည်း ကျယ်ပြန့်သဖြင့် တံတားအရှည်သည် သစ်သားအပိုင်း ၆၉၇ပေ၊ ဘေလီအပိုင်း အရှည်ပေ ၂၅၀၊ စုစုပေါင်း ၉၄၇ပေ ရှိကြောင်း။

ဆောက်လုပ်ရေး ဝန်ကြီးဌာနက လမ်းနှင့် တံတားများကို နေ့မအား ညမနား အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ သည်မှာ ၁၉၈၈ခုနှစ်က လမ်းမိုင် ၁၃၆၃၅ရှိခဲ့ရာမှ ယခုဆိုလျှင် ၁၈၄၃၆ မိုင်ရှိလာပြီဖြစ်၍ ၄၈၀၁မိုင် တိုးတက် ဖောက်လုပ်ခဲ့ပြီးဖြစ်ကြောင်း။

စစ်ကိုင်းတိုင်းအတွင်း၌ လမ်း၁၃၃၂ မိုင် ရှိခဲ့ရာက ယခုဆိုလျှင် ၂၀၉၄မိုင် ရှိလာပြီဖြစ်၍ ၇၆၂မိုင် တိုးတက်ဖောက် လုပ်ပေးနိုင်ခဲ့ကြောင်း၊ ပေ ၁၈၀နှင့် အထက် တံတားများကိုကြည့်မည် ဆိုပါကလည်း ၁၉၈၈ခုနှစ်နောက်ပိုင်း ယခုဖွင့်လှစ်သည့် ယမားချောင်း တံတားအပါအဝင် တံတား၁၈၇စင်း ရှိပြီး စစ်ကိုင်းတိုင်းအတွင်း၌ ၁၄စင်းဖွင့် လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ဝိုင်းဝန်းပံ့ပိုး

ဤတံတားကို ၁၅-၁-၂၀၀၄ရက် နေ့က စစ်ကိုင်းတိုင်း အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ အစီအစဉ်ဖြင့် စတင် တည်ဆောက်ခဲ့ပြီး ၂၇-၆-၂၀၀၄ ရက် နေ့တွင် ပြီးစီးခဲ့ကြောင်း၊ ဘေလီကြိုး ဆိုင်းတစ်ပိုင်း၊ သစ်သားတစ်ပိုင်းဖြင့် တည်ဆောက်ထားပြီး ၉၄၇ပေ အရှည် နှင့် တန်၃၀ ခံနိုင်ဝန်ရှိသည့် ဤတံတား ကြီးကို လုပ်အားခ၊ ဘိလပ်မြေ၊ သံချောင်းနှင့် သစ်ထုတ်လုပ်မှု စရိတ် ကလွဲလျှင် ကျန်သည့်တည်ဆောက်ရေး နှင့် ဆိုင်သည့်ပစ္စည်းများကို တိုင်း အတွင်းမှာရှိသည့် ဌာနပေါင်းစုံနှင့် ကုမ္ပဏီအချို့က ဝိုင်းဝန်းပံ့ပိုး ဆောင် ရွက်ခဲ့ကြ၍ ခြောက်လဖြင့် အပြီးတည် ဆောက်ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်းသိရ ကြောင်း၊ ထို့အပြင် ဤတံတားနှင့် တစ်ပြိုင်တည်း ပုလဲ-ဂန့်ဂေါလမ်းနှင့် မုံရွာ - ယာကြီး - ကလေးဝလမ်းကို ဆက်သွယ်နိုင်မည့် ဆားလင်းကြီးနှင့် ယင်းမာပင်မြို့နယ်ကိုဆက်သွယ်ထား သော ခုနစ်မိုင်ခွဲရှည်ဂျင်းကျောက်ခင်း အမာခံလမ်းကိုလည်း ဖောက်လုပ် ပြီးစီးခဲ့ကြောင်း သိရကြောင်း။

နိုင်ငံတော်ဘဏ္ဍာငွေနှင့် တည် ဆောက်ဖောက်လုပ်ခဲ့သလို ယခုကဲ့သို့ ကိုယ့်အားကိုယ်ကိုး လမ်း၊ တံတားများ ကို ဒေသအာဏာပိုင်များက ပြည်သူ များ၊ လုပ်ငန်းရှင်များနှင့် ပူးပေါင်းပြီး တစ်ဖက်တစ်လမ်းက ပါဝင်တည် ဆောက်ခဲ့ကြကြောင်း၊ တစ်ပြည်လုံး

✪ အတွင်းရေးမှူး(၁)မှ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ အလုပ်သမား ဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီးဦးခင်မောင်ဝင်းတို့တက်ရောက် ကြပြီး ဧည့်သည် ကိုယ်စားလှယ်အဖွဲ့ နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံ တော်ဆိုင်ရာ ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဖန်ကွမ်ခွန်လည်း တက်ရောက်သည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး စိုးဝင်းအား ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ အမျိုးသား ပြည်သူ့လွှတ်တော်မှ လူမှုရေးကော်မတီဥက္ကဋ္ဌ မစ္စစ်ငုယင် သီဟိုင်သူနှင့် အဖွဲ့ဝင်များက ရန်ကုန် မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် တွင် တွေ့ဆုံနှုတ်ဆက်စဉ်။

(သတင်းစဉ်)

သန်းကျော်ထွက်ပြီး ဆန်ဖူလုံသည့် အပြင် ပိုလျှံသည့်တိုင်းလည်း ဖြစ် ကြောင်း၊ ထို့ကြောင့် အထက်မြန်မာ နိုင်ငံ၏ စပါးကျီဟုလည်း တင်စားနိုင် ကြောင်း၊ နိုင်ငံတော်ကလည်းစစ်ကိုင်း တိုင်းကို လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ၊ ပညာရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ် ရေးကဏ္ဍနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုး ရေးကဏ္ဍများတွင် ကဏ္ဍအလိုက် လိုအပ်သည့်အခြေခံများ ဖြည့်ဆည်း ထူထောင်ပေးထားပြီးလည်း ဖြစ် ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အတွက် စီးပွားရေးအရ အားထားရသည့် တိုင်းကြီးတစ်တိုင်းလည်းဖြစ်ကြောင်း၊ ဤဒေသနေ ပြည်သူများသည် မိမိ တိုင်းအတွက် ဂုဏ်ယူဝမ်းမြောက်ကြရ မှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ၏ ရည်ရွယ်ချက် နှင့် သဘောထားကို နားလည်သဘော ပေါက်ပြီး မိမိဒေသ ဖွံ့ဖြိုးတိုးတက် စေရန်၊ ထိုမှတစ်ဆင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်လာစေရန်၊ အထူးသဖြင့် စစ်ကိုင်းတိုင်း ယခုထက်ပိုပြီး ပိုမိုဖွံ့ဖြိုး တိုးတက်စေရန်တို့အတွက် စုပေါင်း

မုံရွာ-ယင်းမာပင်-ပုလဲ-ဂန့်ဂေါလမ်း နှင့် မုံရွာ-ပခုက္ကူလမ်းမကြီး သုံးခုကို ဆက်သွယ်ပေးသည့် အရှည် ၁၅မိုင် ရှိသောလမ်းသစ်တစ်ခုကိုလည်း ဖောက် လုပ်ပေးနိုင်ခဲ့ကြောင်း၊ ဤခရီးတို လမ်းပိုင်းလေးကို ဖြတ်ပြီး လမ်းမကြီး သုံးခုသည် အချိန်တိုတိုဖြင့် အလွယ် တကူ တိုက်ရိုက်ဆက်သွယ်သွားလာ နိုင်ကြတော့မှာဖြစ်ကြောင်း၊ မြစ်ချောင်း များ အတားအဆီးရှိနေသည့် ဤအရပ် ဒေသနေ ပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် လူမှုရေး အခြေခံများသည် ဖွံ့ဖြိုးမှုအားနည်းခဲ့ရ သည်ကို အားလုံးအသိဖြစ်ကြောင်း၊ ဒေသရှိ ကျောင်းသူ၊ ကျောင်းသား ကလေးငယ်များ၏ ပညာသင်ကြားရေး သည်လည်း မြစ်ချောင်းကူးရသည့် အတွက်ကြောင့် အခက်အခဲများ ကြုံတွေ့ခဲ့ရကြောင်း၊ ယခုအခါတွင် ယင်းအတားအဆီး အခက်အခဲများ သည် အားလုံးအဆင်ပြေ ချောမွေ့ သွားပြီဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ယခုဖွင့်လှစ်သည့် တံတားကြီးနှင့် လမ်းပိုင်းအသစ်

ချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက အမှာစကားပြောကြားရာတွင် မုံရွာခရိုင် ဒေသသည် ချင်းတွင်းမြစ်၊ မြောက် ယမားချောင်း၊ တောင်ယမားချောင်းနှင့် ပုထိုးလုံးချောင်းတို့ စီးဆင်းနေပြီး တစ်ချိန်က မြစ်ကူး၊ ချောင်းကူး တံတား များမရှိခဲ့၍ လမ်းပန်းဆက်သွယ် သွားလာရေးတွင် အခက်အခဲများနှင့် ကြုံတွေ့ခဲ့ရကြောင်း။

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ် မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်အရ ၁၉၉၈ခုနှစ်တွင် ပထမဆုံး ချင်းတွင်း မြစ်ကူးတံတားဖြစ်သည့် ဆင်ဖြူရှင် တံတားကို တည်ဆောက်ပေးခဲ့သဖြင့် စစ်ကိုင်းတိုင်းတောင်ပိုင်းနှင့် မကွေး တိုင်း၊ ချင်းပြည်နယ်တောင်ပိုင်းတို့သည် သွားလာရေး အဆင်ပြေခဲ့ကြောင်း၊ ၂၀၀၁ ခုနှစ်တွင် ချင်းတွင်းမြစ် အနောက်ဘက်ကမ်းရှိ လက်ခုပ်ပင်-

တံတား(ကလေး၀)ကို ဖွင့်လှစ်ပေးခဲ့ ကြောင်း။

ထို့ကြောင့် ချင်းတွင်းမြစ်ကမ်း အနောက်ဘက်ဒေသများနှင့်ချင်းပြည်နယ် လမ်းပန်းဆက်သွယ်မှုအပြင် မုံရွာ- ကလေး၀-တမူးလမ်းမှတစ်ဆင့်အိန္ဒိယ နိုင်ငံနှင့် နယ်စပ်ကုန်သွယ်မှုတို့သည် လည်း တိုးတက်ကောင်းမွန်ခဲ့ကြောင်း။

မုံရွာမြို့အနောက်ဘက် ချင်းတွင်းမြစ် တစ်ဖက်ကမ်းတွင် မုံရွာ-ယာကြီး- ကလေး၀လမ်း၊ မုံရွာ-ပုလဲ-ဂန့်ဂေါ လမ်းနှင့် မုံရွာ-ဆားလင်းကြီး-ပခုက္ကူ လမ်းတို့ကို ဆက်သွယ်ပေးမည့် လမ်းကြောင်းသစ်တစ်ခု လိုအပ်နေ သဖြင့် နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အမြန်ဆုံး အကောင်အထည်ဖော်ပေးရန် လမ်းညွှန် ခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့တစ်တွေ သည်မြောက်ယမားချောင်းကူးတံတား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မြောက်ယမားချောင်းတံတား ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

အနေနှင့် ကြည့်မည်ဆိုပါက ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း လမ်း၁၈၄၃၅ မိုင် ငါးဖာလုံ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက် ရေးလမ်း ၃၅၈၀၆မိုင် သုံးဖာလုံ၊ ရန်ကုန် မြို့တော်စည်ပင်လမ်း ၁၈၃၉ မိုင် နှစ်ဖာလုံ၊ မန္တလေးမြို့တော် စည်ပင်လမ်း ၆၀၄မိုင် နှစ်ဖာလုံ၊ စုစု ပေါင်း ၅၆၆၉၅မိုင် လေးဖာလုံဖောက် လုပ်ခဲ့ကြောင်း။

ဆန်ဖူလုံပိုလျှံ

စစ်ကိုင်းတိုင်းသည် လက်ရှိအနေ အထားအရ စပါးတင်းပေါင်း ၁၁၇

ခေါင်းဆောင်မှု၊ စုပေါင်းတာဝန်ယူ လုပ်ဆောင်မှု၊ စည်းလုံးညီညွတ်မှုတို့ဖြင့် မိမိတို့ကျရာ အခန်းကဏ္ဍမှ တာဝန် သိသိ၊ သစ္စာရှိရှိ၊ တက်ညီလက်ညီ ပူးပေါင်းအားထုတ် ကြိုးပမ်းကြပါရန် မှာကြားလိုကြောင်း။

ယနေ့ ဖွင့်လှစ်ပေးလိုက်သည့် မြောက်ယမား ချောင်းတံတားသည် လည်း နိုင်ငံတော်အစိုးရ၏ ကြီးမား သည့် အမြော်အမြင်၊ မွန်မြတ်သည့် စေတနာနှင့် စီမံတည်ဆောက်ပေးခဲ့ခြင်း ဖြစ်ကြောင်း။

ဤတံတားဆောက်လုပ်ပေးခဲ့ခြင်းနှင့် အတူ မုံရွာ-ယာကြီး-ကလေးဝလမ်း၊

တို့သည် သားစဉ်မြေးဆက်အထိ အကျိုးပြုသွားမှာ ဖြစ်သည့်အတွက် ဤတံတားကြီးရေရှည်တည်တံ့ ခိုင်မြဲ စေရန် မပျက်စီး မယိုယွင်းအောင် ဒေသခံပြည်သူများက ဝိုင်းဝန်း ကာကွယ် ထိန်းသိမ်းကြပါ၊ ဤတံတား နှင့်ဤလမ်းကို အသုံးပြုပြီး မိမိဒေသ၊ မိမိပတ်ဝန်းကျင် အကျိုးစီးပွားဖြစ်ထွန်း အောင်၊ ဖွံ့ဖြိုးတိုးတက်သည်ထက် တိုးတက်အောင် ဆောင်ရွက်ကြပါဟု တိုက်တွန်းပြောကြားသွားသည်။

ဆက်လက်၍စစ်ကိုင်းတိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာန

ယာကြီး-မြို့မ-ကလေးဝ ကားလမ်း သစ်ကြီး ဖောက်လုပ်ပေးခဲ့သည့် အတွက် ယာကြီးချောင်၊ စစ်လျင် ချောင်၊ တောင်တွင်းချောင် စသည့် ဒေသတို့မှ ၅၅ရွာ အပါအဝင် ကနီ မြို့နယ်နှင့် မင်းကင်းမြို့နယ်ရှိ ဒေသများ သည်လည်း ဖွံ့ဖြိုးတိုးတက်ခဲ့ ကြောင်း။

၂၀၀၃ ခုနှစ်တွင် နိုင်ငံတော်အကြီး အကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် ချင်းတွင်းမြစ်ကူးတံတား (မုံရွာ)ကို ဖွင့်လှစ်ပေးခဲ့ပြီး ပြီးခဲ့သည့် ဇွန်လ ၁၂ရက်နေ့တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကိုယ်တိုင် မြစ်သာ

နှင့်အတူ ယခု ဖောက်လုပ်ပေးသည့် ကားလမ်းသစ်ကြီးကို ကိုယ့်အား ကိုယ်ကိုးစနစ်ဖြင့် အကောင်အထည် ဖော် ဆောင်ရွက်ပေးခဲ့ကြောင်း။

နိုင်ငံတော် အစိုးရပိုင်းက လိုအပ် ချက်များကို ကူညီထောက်ပံ့ပေးခဲ့သည့် အပြင် ယင်းဒေသရှိမြန်မာအိုင်ဗင်ဟိုး ကြေးနီကုမ္ပဏီ၊ ရှိုင်ရယ်အော့ဖစ်စ် ကုမ္ပဏီ၊ အောင်ကျော်ပိုင် ကုမ္ပဏီ၊ ဆူးပင်ကုမ္ပဏီ၊ တင်ဝင်းထွန်းကုမ္ပဏီ၊ မြန်မာ့သစ်လုပ်ငန်းနှင့် သစ်တောဦးစီး ဌာန၊ မြန်မာ့မီးရထား၊ မုံရွာခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊တံတား

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ➪

➪ စာမျက်နှာ ၁၀ မှ

အထူးအဖွဲ့(၁၄)၊ မြစ်သာတံတား စီမံကိန်း၊ လမ်းအထူးအဖွဲ့ (၁၁)နှင့် မြန်မာ့လျှပ်စစ်ဓာတ်အား လုပ်ငန်းတို့မှ စက်ယန္တရားများ၊ တည်ဆောက်ရေး ပစ္စည်းများ၊ ငွေကြေးများနှင့် လုပ်အားများကို စေတနာအပြည့်အဝထားပြီး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးခဲ့ကြ၍ ယခုကဲ့သို့ အောင်မြင်မှုရရှိခဲ့ခြင်း ဖြစ်ကြောင်း။

ချောင်းဦး–ပခုက္ကူ–ဂန့်ဂေါ–ကလေး ရထားလမ်းအပိုင်းတွင်လည်း ကျောနှင့်ရေမျက်နီကြား ပုံညာတောင်ဥမင်နှင့် ဥမင်ရှောင်လမ်းတို့ကို အောင်မြင်စွာ ဖောက်လုပ်ပြီးစီးခဲ့ပြီဖြစ်၍ မကြာမီကာလတွင် ရာနှုန်းပြည့် ရထားလမ်းအဖြစ် သွားလာနိုင်တော့မှာ ဖြစ်ကြောင်း။

လေကြောင်းလိုင်း အနေဖြင့်လည်း မုံရွာ–ကလေး၊ ခန္တီး–ဟုမ္မလင်း လေယာဉ်ကွင်းများကို အဆင့်မြှင့်ပြီး တည်ဆောက်ပေးထားပြီး ဖြစ်၍ ယခုဆိုလျှင် သွားလာမှုများမှာ လျင်မြန်ချောမွေ့နေပြီဖြစ်ကြောင်း။

မိမိတို့ စစ်ကိုင်းတိုင်းဒေသအတွင်း ဘက်စုံ ကဏ္ဍစုံ နယ်ပယ်အသီးသီးမှာ ယခုကဲ့သို့ အောင်မြင်မှုများ ရရှိနေခြင်းသည် အစိုးရ၊ ပြည်သူ၊ တပ်မတော်ဆိုသည့် ခိုင်မာသည့် စွမ်းအားစုကြီးသုံးရပ်၏ တက်ညီလက်ညီ ပူးပေါင်း ကြိုးပမ်း ဆောင်ရွက်မှုများကြောင့် ဖြစ်ကြောင်း၊ အစဉ်အလာကောင်းများနှင့် အရှိန်အဟုန်ကောင်းများကို ယခုထက်ပိုမိုတိုးတက်ကောင်းမွန်ရန် မိမိတို့ ကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း ပြောကြားသွားသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် မြင့်သိန်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍ တံတားတည်ဆောက်ပေးခဲ့ခြင်းအတွက် ဒေသခံပြည်သူများကိုယ်စား ဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက တံတားတည်ဆောက်ရေးတွင် ပါဝင်ကူညီခဲ့ကြသည့် မြန်မာအိုင်ဗင်ဟိုးကြေးနီလုပ်ငန်းကုမ္ပဏီ၊ ရှိုင်ရယ်အော့ဖစ်ကုမ္ပဏီ၊ ဆူးပင်ကုမ္ပဏီ၊ အောင်ကျော်ပိုင်ကုမ္ပဏီ၊ တင်ဝင်းထွန်းကုမ္ပဏီ၊ ဟွန်ဒါမြန်မာကုမ္ပဏီ၊မြန်မာ့သစ်လုပ်ငန်း၊ သစ်တောဦးစီးဌာန၊ မြန်မာ့မီးရထား၊ခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားအထူးအဖွဲ့(၁၄)၊ မြစ်သာတံတားစီမံကိန်း၊ လမ်းအထူးအဖွဲ့(၁၁)၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းတို့မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ အကြီးအကဲများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သာအေးက တံတားဖွင့်ပွဲသို့ တက်ရောက်လာသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်ဒုတိယဝန်ကြီးများနှင့်ဧည့်သည်တော်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဒုတိယဝန်ကြီးများသည် တံတားမုခ်ဦးထိပ်၌ နေရာယူကြပြီး မင်္ဂလာအချိန်ကျရောက်သည်နှင့်တစ်ပြိုင်နက် မြောက်ယမားချောင်းတံတားကို တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် မြင့်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ အမွှေးနံ့သာများ ပက်ဖျန်းကြသည်။

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာများသည် ဒေသခံပြည်သူများနှင့်အတူ အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ဒေသခံပြည်သူများနှင့်အတူ တံတားကို ဖြတ်သန်းကြည့်ရှုကြသည်။

တံတား၏အကျယ်မှာ ၁၂ပေခြောက်လက်မ၊ တံတားအောက်ခြေ ရေလမ်းကင်းလွတ်နယ်မြေမှာအမြင့်ဆုံးရေမှတ်အထက်သုံးပေဖြစ်ပြီး တံတားအမျိုးအစားမှာ သစ်သားတံတားနှင့် တစ်လွှာတစ်ထပ် ဘေလီကြိုးဆိုင်းတံတား ဖြစ်သည်။ ခွင့်ပြုတန်ချိန်မှာ တန်၃၀ ဖြစ်သည်။

မြောက်ယမားချောင်းတံတားဖွင့်လှစ်ခြင်းကြောင့် ဆားလင်းကြီးကျေးရွာမှ ကျေးရွာအုပ်စုနှစ်အုပ်စု၊ ကျေးရွာခုနစ်ရွာ၊ လူဦးရေ၂၅၀၀၀၊ ယင်းမာပင်မြို့နယ်မှ ကျေးရွာအုပ်စု ခုနစ်အုပ်စု၊ ကျေးရွာ၃၄ရွာ၊ လူဦးရေ ၅၇၅၀၀တို့ အဆိုပါတံတားနှင့် လမ်းကို ဖြတ်သန်း၍ မုံရွာ၊ပခုက္ကူ၊ဆားလင်းကြီး၊ ယင်းမာပင်မြို့များသို့ အလွယ်တကူ အချိန်တိုအတွင်း သွားလာနိုင်ကြပြီ ဖြစ်ကြောင်းသိရသည်။

တံတားဖွင့်ပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် မုံရွာ–ပုလဲ–ဂန့်ဂေါလမ်းနှင့် မုံရွာ–ဆားလင်းကြီး–ပခုက္ကူလမ်းတို့ကို ဆက်သွယ်ထားသည့် လမ်းတစ်လျှောက် လမ်းများ အခြေအနေကိုလှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း ၂၀၀၄ခုနှစ် သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်ရာရှေးဦးစွာ စစ်ကိုင်းတိုင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်လွင်က သစ်ပင်စိုက်ပျိုးပွဲနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် စစ်ကိုင်းတိုင်း စိမ်းလန်းစိုပြည်ရေးအတွက် ၂၀၀၄ခုနှစ် မိုးရာသီတွင် စုစုပေါင်း သစ်ပင် ၁၆သိန်းပျိုးထောင်ပြီး ဖြစ်ပါကြောင်း၊ စစ်ကိုင်းတိုင်း အပူပိုင်းဒေသ သုံးခရိုင်ဖြစ်သော စစ်ကိုင်းခရိုင်၊ မုံရွာခရိုင်နှင့် ရွှေဘိုခရိုင်တို့တွင် စုစုပေါင်း ၁၃ဒသမ ၅သိန်း စိုက်ပျိုးသွားမှာ ဖြစ်ပါကြောင်း၊ ယခုအခါ သစ်ပင်စုစုပေါင်း ၄၆၀၀၀၀ ဖြန့်ဝေစိုက်ပျိုးပြီး ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တမာပင်ကို ဦးစွာစိုက်ပျိုးပေးသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများသည် အခမ်းအနားသို့ တက်ရောက်လာကြသော ဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့်အတူ သစ်ပင်များကို တပျော်တပါး စိုက်ပျိုးပေးကြသည်။

ယနေ့ ကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲတွင် တမာပင် ၁၁၀၀၀၊ မန်ကျည်းပင် ၂၀၀၀ နှင့် အော်ရီရှားပင် ၂၀၀၀ စိုက်ပျိုးကြောင်း သိရှိရသည်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ် သာအေးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းတို့က မြောက်ယမားချောင်း တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

ဝန်ကြီးဦးဝင်းအောင် အီဂျစ်အာရပ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၁၆

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဝန်ကြီး ဦးဝင်းအောင်သည်အီဂျစ်အာရပ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသော မစ္စတာ အာမက်အာဘူအယ်(လ်)ဂိုက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ပြန်/ဆက်စာကြည့်တိုက်များအတွက် စာအုပ်များလှူဒါန်းပွဲ အခမ်းအနား ကျင်းပ

ရန်ကုန် ဇူလိုင် ၁၆

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စာကြည့်တိုက်များအတွက် စေတနာရှင်၊ အလှူရှင်များက စာအုပ်များပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း တက်ရောက်၍ စာအုပ်များလက်ခံပြီး ဂုဏ်ပြုလွှာများပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။ (အောက်ပုံ)

အခမ်းအနားသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်း၊ ဝန်ကြီးဌာနအောက်ရှိဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာအခမ်းအနားမှူးက အလှူရှင်များ လှူဒါန်းမည့်စာအုပ်များနှင့် လှူဒါန်းသည့်တန်ဖိုးကို ဖတ်ကြားတင်ပြသည်။

ထို့နောက် ရန်ကင်းမြို့နယ်မှ ဗိုလ်မှူးသိန်းသန်း(ငြိမ်း)မိသားစုက စာရေးဆရာကြီးထီလာစစ်သူ၏ "မြန်မာ့သမိုင်းကြောင်းကို ပြန်ပြောင်းလေ့လာသော်"စာအုပ် ၁၀၀နှင့် ထီလာစစ်သူ၏ "နာဂါစကီမှ အိုခေါင်းလောင်းသံကဗျာရှည်" စာအုပ် ၈၀၊ ဒေါက်တာတင်ထွန်းဦး (သုတစွယ်စုံစာအုပ်တိုက်)က သုတစွယ်စုံမဂ္ဂဇင်းနှင့် အာရောဂျံကျန်းမာရေးမဂ္ဂဇင်းစာအုပ်၇၂၀၊ စာရေးဆရာ ချစ်နိုင်(စိတ်ပညာ)က "ခေါင်းဆောင်သူ၏ လက္ခဏာများ" စာအုပ် ၄၀၀၊ ဗဟန်းမြို့နယ်မှ ဒေါ်ဥမ္မာက "မကြိုဂလက်နှင့်အနီးဝန်းကျင်ဆလုံကျွန်းများ" စာအုပ်၆၈အုပ်၊ ဗိုလ်တထောင်မြို့နယ်မှ ဒေါ်ခင်အေးမူက သုံးပွင့်ရောင်ခြည်ရသဝတ္ထုများစာအုပ် ၃၅၀၊ မရမ်းကုန်းမြို့နယ်မှ ဦးတင်ထွဋ်၊ ဒေါ်မြင့်မိုရ်ဝင်း မိသားစုကစာရေးဆရာကြီး ထီလာစစ်သူ၏ "နာဂါစကီမှ အိုခေါင်းလောင်းသံကဗျာရှည်" စာအုပ် ၂၄အုပ်၊လှိုင်မြို့နယ်မှ ဦးစိုးနိုင်၊ ဒေါ်စိမ့်ဟန်နီမိသားစုက စာရေးဆရာကြီး ထီလာစစ်သူ၏"နာဂါစကီမှ အိုခေါင်းလောင်းသံကဗျာရှည်" စာအုပ်၂၀၊ ကျောက်တံတားမြို့နယ်မှ ဦးစိုးအောင်၊ ဒေါ်တင်ချစ် မိသားစုက စာရေးဆရာ ချစ်နိုင်(စိတ်ပညာ)၏ "သူတို့ဘာကြောင့် အောင်မြင်" စာအုပ် ၁၀၀၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်မှ ဦးသိန်းဟန်၊ဒေါ်ခင်အေးမေ မိသားစုက ငွေတာရီ မဂ္ဂဇင်း၊ မြဝတီမဂ္ဂဇင်းနှင့် မနောမယစာစောင် ၃၆၆အုပ်၊ တာချီလိတ်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က စာရေးဆရာချစ်နိုင်(စိတ်ပညာ)၏ "သေနင်္ဂဗျူဟာအတတ်ပညာ"စာအုပ် ၂၀၊ တောင်ကြီးမြို့မှ ဒေါက်တာအောင်ကျော်၊ ဒေါ်ခင်နှင်းကြူမိသားစုက ဒေါက်တာအောင်ကျော်၏"လူကောင်းလူတော်မှန်းရည်မျှော်"စာအုပ် ၄၀၀၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဦးမိုးဆန်း(အင်ဂျင်နီယာ၊ လမ်း/တံတား)က မဂ္ဂဇင်းစုံ၊ ဘာသာရေးစာစောင်များနှင့် အင်္ဂလိပ်စာစောင်များ ၂၁၅အုပ်၊ လမ်းမတော်မြို့နယ်မှ ဦးအေးမြင့်၊ဒေါ်တင်တင်မြ မိသားစုက နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း၊နက္ခတ္တမဂ္ဂဇင်းနှင့် မြဝတီမဂ္ဂဇင်းစာအုပ် ၈၇အုပ်၊ စမ်းချောင်းမြို့နယ်မှ ဦးသန်းစိန်က သုတစာအုပ်၊ မဂ္ဂဇင်းစုံနှင့် ဘာသာရေးစာစောင်များ ၄၁၂အုပ်တို့ကိုပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍အလှူရှင်များက စာအုပ်များလှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကြသည်။

ဖြန့်ဝေပေးပို့သွားမည်

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းကကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှူဒါန်းသော စာအုပ်များမှာ စာအုပ်စာစောင်ပေါင်း ၃၃၆၂အုပ်ဖြစ်ပြီး စာအုပ်များ၏ စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၁၈၀၅၈၈၀ဖြစ်သည်။ အဆိုပါ စာအုပ်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စာကြည့်တိုက်များနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ ဖြန့်ဝေပေးပို့သွားမည်ဟု သိရသည်။

(သတင်းစဉ်)

❐ ကျောဖုံးမှ

ထို့နောက် တံတားတည်ဆောက်ရေး ရှင်းလင်းဆောင်၌ တာဝန်ခံ အင်ဂျင်နီယာက တံတားတည်ဆောက်ပြီးစီးမှု၊ ချဉ်းကပ်လမ်း တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးကချောင်းရေလမ်းကြောင်း ဖြောင့်မတ်စေရန် ရေခေါ်လမ်းကြောင်း (Pilot Channel) တူးဖော်ရန်၊ ကလေးဘက်ကမ်း ကမ်းကပ်ခုံ ရေတိုက်စားမှု ကာကွယ်ရန် ကျောက်ရိုးစီ ရေထိန်းနံရံတည်ဆောက်ပေးရန်နှင့် လိုအပ်သည်များကို မှာကြားသည်။ ထို့နောက် ဝန်ကြီးသည် တာဝန်ခံ အင်ဂျင်နီယာများအား ဂန့်ဂေါ–ကလေးလမ်းကို ဆက်သွယ်မှု မပြတ်တောက်စေရေး၊ တံတားများ ကြံ့ခိုင်ရေးတို့အတွက် မျက်ခြည်မပြတ် ကြည့်ရှုပြင်ဆင်ထိန်းသိမ်းရန် မှာကြားသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ဇူလိုင် ၁၄ ရက်တွင် ဂန့်ဂေါမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာ၍ ကျောက်ထု–ထီးလင်း လမ်းအပိုင်း ထီးလင်းမြို့အဝင် ကွေ့ကောက်နေသော လမ်းကို လမ်းဖြောင့်အဖြစ် ဖောက်လုပ်နေသော လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့်ဝန်ကြီးသည် ကျောက်ထု–ဆောလမ်း၊ ဆိပ်ဖြူ–ဆောလမ်းပေါ်ရှိ တံတားများကြံ့ခိုင်မှုနှင့် လမ်းများပြင်ဆင်ထိန်းသိမ်းထားရှိမှုတို့ကို စစ်ဆေးပြီး ချောက်မြို့သို့ ရောက်ရှိသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ဇူလိုင်၁၅ရက်တွင် ချောက်မြို့မှ မော်တော်ယာဉ်များဖြင့်ထွက်ခွာပြီးရန်ကုန်–ပြည်–မန္တလေး လမ်း၊ ကျောက်ပန်းတောင်း–ရေနံချောင်း – မကွေးအပိုင်းကို လမ်းတစ်လျှောက် လမ်းပြင်ဆင်ထိန်းသိမ်းခြင်းနှင့် တံတားများ ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ကိုးပင်–စမ်းမကြီး – သစ်ရာကောက်လမ်းသို့ ရောက်ရှိပြီး လမ်းဖောက်လုပ်ထားရှိမှုကို မော်တော်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးသည်။ ကိုးပင်–စမ်းမကြီး–သစ်ရာကောက်လမ်းသည် ရန်ကုန်–ပြည်–မန္တလေးလမ်း (ပြည်–မကွေးအပိုင်း)တွင် ကိုးပင်မိုင်တိုင် ၂၅၂/၆ မှသစ်ရာကောက်မိုင်တိုင် ၃၀၀/၄ အထိ ၄၇မိုင်၆ဖာလုံ ရှည်လျားပြီး ယခုဖောက်လုပ်သော လမ်းသစ်မှ ကိုးပင်မှ သစ်ရာကောက်ထိ ၁၉မိုင်၃ဖာလုံသာရှိသဖြင့် ခရီး၂၈မိုင်၃ဖာလုံ သက်သာသွားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဘွက်ကြီးတံတားလုပ်ငန်းခွင်သို့ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ တံတားတည်ဆောက်ရေးတာဝန်ခံ အင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးသည် ပြည်ဘက်ကမ်း ဘိုးပိုင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ချောင်းကမ်းပါးတည်ငြိမ်ရေးကို အထူးအလေးပေးဆောင်ရွက်ရန်နှင့် ကမ်းပါးမပြိုရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် မှာကြားသည်။

(သတင်းစဉ်)

ဒွါဒသမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဇူလိုင် ၁၆

ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပရာ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ဒွါဒသမအကြိမ် (၁၂)ကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် စိုးဝင်းမောင်နှင့် ဦးစီးကော်မတီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အဆို၊ အက၊ အရေး၊ အတီးပညာရှင်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီနှင့်ဆပ်ကော်မတီ အသီးသီးတို့မှ ဥက္ကဋ္ဌများ၊ ဘာသာရပ်ဆိုင်ရာ အကဲဖြတ် လုပ်ငန်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

နှစ်စဉ်ကျင်းပ

ရှေးဦးစွာ ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရှင်းလင်းပြောကြားရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များ ထိန်းသိမ်း စောင့်ရှောက်မြှင့်တင်ရေး၊ လူငယ်များအကြား အမျိုးသားရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များ မြတ်နိုးထိန်းသိမ်းလိုသည့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ထွန်းလာပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာကို ကိုယ်ပိုင်အမျိုးသားမူဟန်မပျက် နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေး ဦးတည်ပြီး ၁၉၉၃ခုနှစ်မှစပြီး နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် ဒွါဒသမအကြိမ် (၁၂ကြိမ်)မြောက် ပြိုင်ပွဲအကြိုပြင်ဆင်ဆဲကာလကို ရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို တစ်နှစ်ထက်တစ်နှစ် မျှော်မှန်းသည်ထက် ပိုမိုစည်ကားသိုက်မြိုက်စွာ တိုးတက်အောင်မြင်အောင် ကျင်းပနိုင်ခဲ့ခြင်းသည် ယနေ့ကြွရောက်လာသည့် ပညာရှင်ကြီးများနှင့် ဦးစီးကော်မတီ၊ ကော်မတီနှင့် ဆပ်ကော်မတီများအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်း ပါဝင်ပံ့ပိုးကူညီမှုနှင့် ပြည်သူအပေါင်း၏ သောင်းသောင်းဖြဖြ ကြိုဆိုအားပေးမှုများကြောင့် အောင်မြင်ခဲ့ခြင်း ဖြစ်ကြောင်း၊ ယခုနှစ် ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကိုလည်း အောင်မြင်စွာနှင့် ယခင်နှစ်များကထက် ပိုမိုစည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပနိုင်ရန်အတွက် ပြိုင်ပွဲကျင်းပရေးနာယကအဖွဲ့နှင့် ဦးစီးကော်မတီကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံးက ဇွန် ၁၁ရက်က ဖွဲ့စည်းပေးထားပြီးဖြစ်ကြောင်း၊ ကျန်သော ကော်မတီ နှစ်ရပ်နှင့် ဆပ်ကော်မတီ ၁၀ရပ်ကို ယခုအစည်းအဝေးတွင် ဖွဲ့စည်းပြီး နာယကကြီးများပါသည့် အစည်းအဝေးတွင် ဆက်လက်တင်ပြ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ကြိုတင်ညှိနှိုင်း

ပြိုင်ပွဲကျင်းပရေးဆိုင်ရာကိစ္စရပ်များ၊ ဆုငွေလျာထားချက်များနှင့် အခမ်းအနားကျင်းပ ပြုလုပ်မည့်ရက်များကိုလည်း ယခုအစည်းအဝေးတွင် ကြိုတင်ညှိနှိုင်းဆောင်ရွက်ထားရန် လိုအပ်မည်ဖြစ်ကြောင်း၊ အဆိုနှင့်အတီးပြိုင်ပွဲဝင်များ ကြိုတင်လေ့ကျင့်နိုင်ရန် သတ်မှတ်သွားမည့် သီချင်းသတ်မှတ်ချက်များကိုလည်း နာယကအဖွဲ့က အတည်ပြုပြီးသည်နှင့် ထုတ်ပြန်ကြေညာနိုင်ရန် စီစဉ် ဆောင်ရွက်ထားကြရမည် ဖြစ်ကြောင်း။

အဆိုအတွက် စံခွေ၊ အကအတွက် တီးလုံးခွေနှင့် အတီးအတွက် အထောက်အကူပြု တိပ်ခွေများကိုလည်း စောနိုင်သမျှစောစွာ ဖြန့်ဝေပေးနိုင်ရန် ပညာရှင်ကြီးများနှင့် ညှိနှိုင်းစီမံဆောင်ရွက်ထားရန် တိုက်တွန်းလိုကြောင်း၊ တိပ်ခွေများပြီးသည်နှင့် ပြည်နယ်နှင့်တိုင်းများမှ တာဝန်ခံများအားခေါ်ပြီး ရှင်းလင်းဆွေးနွေးရမည်ဖြစ်ကြောင်း။

အကဲဖြတ်လုပ်ငန်းအဖွဲ့ ပညာရှင်ကြီးများနှင့် ရပ်မြင်သံကြား တွေ့ဆုံဆွေးနွေးခန်းများ ရိုက်ကူးပြီး ထုတ်လွှင့်နိုင်ရေး ကြိုတင်စီမံ ဆောင်ရွက်စေလိုကြောင်း၊ ဆွေးနွေးခန်းများကို စောစော ထုတ်လွှင့်ပေးနိုင်သည်နှင့်အမျှ ပြိုင်ပွဲဝင်များအတွက် စနစ်တကျနှင့် ဘောင်ဝင်အောင် လေ့ကျင့်ချိန်များများရမည်ဖြစ်ကြောင်း၊ အကဲဖြတ်လုပ်ငန်းအဖွဲ့အလိုက် အကဲဖြတ်ဒိုင်များအဖြစ် တာဝန်ပေးအပ်ရာတွင် သက်ဆိုင်ရာဘာသာရပ်မှာ အမှန်တကယ် နားလည်ကျွမ်းကျင် တတ်မြောက်သည့် ပုဂ္ဂိုလ်များကို တာဝန်ပေးစေလိုကြောင်း၊ အနုပညာအားနည်းသည့် ပြည်နယ်နှင့် တိုင်းများကို ပညာရှင်များ စေလွှတ်ပြီး အားဖြည့်သင်ကြားပေးနိုင်ရန် စီစဉ်ထားပြီးဖြစ်ကြောင်း။

ယခုနှစ်တွင် ယခင်နှစ်များအတိုင်း ပြည်နယ်နှင့်တိုင်းများမှ ဒေသခံတိုင်းရင်းသား ပြိုင်ပွဲဝင်များအနေဖြင့် ကြိုးကြိုးစားစား ယှဉ်ပြိုင်ခဲ့သော်လည်း ပထမ၊ ဒုတိယ၊ တတိယ စသည့် ဆုတံဆိပ်များ မရရှိခဲ့လျှင် အထူးဆုများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း။

ဝိုင်းဝန်းအကြံပြု

ယခုနှစ်တွင် ကျင်းပမည့် ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး ယခင်နှစ်များကထက် စည်စည်ကားကား သိုက်သိုက်မြိုက်မြိုက်ဖြင့် ကျင်းပနိုင်ရန်အတွက် ပညာရှင်ကြီးများ၊ ဦးစီးကော်မတီဝင်များနှင့် ကော်မတီ/ဆပ်ကော်မတီ အားလုံးက ဝိုင်းဝန်း ဆွေးနွေးအကြံပြုပေးစေလိုကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် စိုးဝင်းမောင်က ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အမှတ်(၃) စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်းက ဆပ်ကော်မတီများအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဝေလွင်က လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ပြိုင်ပွဲကျင်းပရေး

ယင်းနောက် ပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းက ပြိုင်ပွဲအဆင့်များ၊ ယှဉ်ပြိုင်ခွင့်ပြုမည့် ဘာသာရပ်များ၊ ရပ်သေးပြိုင်ပွဲ(ပညာရှင်အဆင့်နှင့် ဝါသနာရှင်အဆင့်) သတ်မှတ်ချက်များ၊ ရာမယဏ ဇာတ်တော်ကြီး ယှဉ်ပြိုင်နိုင်ရေး ဆောင်ရွက်နေမှု၊ ပြိုင်ပွဲကျင်းပမည့်နေရာများ၊ ပြိုင်ပွဲကျင်းပမည့်ရက်လျာထားချက်၊ ဆုငွေ လျာထားသတ်မှတ်ချက်၊ ဆုချီးမြှင့်မည့်ရက် လျာထားသတ်မှတ်ချက်နှင့် ပြည်နယ်နှင့်တိုင်းများသို့ အနုပညာရှင် ၁၁ဖွဲ့ စေလွှတ်နိုင်ရေး စီစဉ်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြိုင်ပွဲဝင် စိစစ်ရေး ဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေးနှင့် ဆုချီးမြှင့်ရေး ဆပ်ကော်မတီ၊ ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေးဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီ၊ ပို့ဆောင်ဆက်သွယ်ရေး ဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီနှင့် လုပ်ငန်းစစ်ဆေးရေး ဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာဆပ်ကော်မတီများအလိုက် လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဘာသာရပ်ဆိုင်ရာ အကဲဖြတ် လုပ်ငန်းအဖွဲ့များဖြစ်သည့် အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့၊ အက အကဲဖြတ်လုပ်ငန်းအဖွဲ့၊ ဇာတ်သဘင် အကဲဖြတ်လုပ်ငန်းအဖွဲ့၊ ရုပ်သေးအကဲဖြတ်လုပ်ငန်းအဖွဲ့တို့က တင်ဆက်ကပြရမည့် မဟာသဓာဇာတ်နှင့် ပတ်သက်၍ ပါဝင်သင့်သည့် အခန်းများ၊ အရေးအကဲဖြတ် လုပ်ငန်းအဖွဲ့နှင့် အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့တို့မှ အနုပညာရှင်ကြီးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာဘာသာရပ်များအလိုက် အကဲဖြတ်အမှတ်ပေးရာတွင် စည်းမျဉ်းစည်းကမ်းများနှင့်အညီ အမှတ်ပေးနိုင်ရေး ကြိုတင်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

စဉ်လာကြီးမား မြန်မာအမျိုးသမီးများနေ့အား ဂုဏ်ပြုသည့် ထုတ်ဩဘာ မင်္ဂလာဧကာပိုဒ်ရတု

မြန်မာအမျိုးသမီး၊ စဉ်လာကြီးသား
ရိပ်ထီးတန်ဆောင်၊ ဤလူ့ဘောင်ဝယ်
စွမ်းဆောင်နိုင်သူ၊ တံခွန်ထူရှင့်
ဇမ္ဗူတစ်လွှား၊ ဣတ္ထိယများသည်
ကြီးမားဂုဏ်ရှင်၊ မွေးမိခင်ဟု
ဂိုဏ်းဝင်အနန္တ၊ ဦးညွှတ်ကြလျက်
ဦးချရိုသေ၊ ဂုဏ်တင်ပေရှင့်
မွေးမေကျေးဇူး၊ အထူးထူးကို
ကြည်နူးဝမ်းသာ၊ ဤလူ့ရွာဝယ်
ရေးရာကော်မတီ၊ ဘွဲ့ထူးချီ၍
ဦးတည်စွမ်းပြ၊ခန်းကဏ္ဍဖြင့်
မြန်မာ့အမြုတေ၊ သာကီဆွေဟု
လုံမေအားလုံး၊ ပေါင်းစုရုံးလျက်
ဆုံးရှုံးမှုကင်း၊ ဘေးရန်ရှင်း၍
ဖြည့်တင်းဥစ္စာ၊ မြတ်ပညာနှင့်
ကျန်းမာယဉ်ကျေး၊ ပညာပေးခဲ့
ဆွေးနွေးရှက်ဆောင်၊ မြန်ပြည်ဘောင်ဝယ်
ထူထောင်ဖွံ့ဖြိုး၊ ဘက်စုံတိုးရန်
အမျိုးသမီး၊ အောင်ကမ္ပည်းနှင့်
ကြီးမြင့်ဂုဏ်ရည်၊ ကမ္ဘာတည်လျက်
စောင့်ပြီမျိုးနွယ်၊ အန္တရာယ်ကို
ကာကွယ်ဖယ်ရှား၊ မျိုးမာန်အားနှင့်
မျိုးသားစိတ်ဓာတ်၊ လွန်မြင့်မြတ်လျက်
ဂုဏ်ဒြပ်ထွန်းပြောင်၊ လှတန်ဆောင်ရှင့်
အောင်စည်ဆော်ရွမ်း၊ အောင်မော်ကွန်းနှင့်
စွမ်းပြနိုင်ပြီ၊ ကုမ္ဘာရီတို့
မြန်ပြည်သတင်း၊ ထိန်ထိန်လင်း၍
ပျံ့သင်းဩဘာ၊ မျိုးမြန်မာဟု
ကမ္ဘာတစ်ဝန်း၊ အောင်စည်ရွမ်းလျက်
ဖော်ညွှန်းဂုဏ်ဝါ၊ ဂုဏ်ပြုပါသည်
မြန်မာမျိုးဂုဏ် မြင့်စေသောဝ်၊
သမ္ဘာတိုးကုန် တင့်စေသောဝ်၊
မာလာမျိုးစုံ ပွင့်စေသောဝ်။ ။

ယုဝတီကဗျာရှင် တက္ကသိုလ်နွယ်သဇင်

သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကျွမ်းကျင်မှုဆွေးနွေးပွဲ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၁၆

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာနအစည်းအဝေးခန်းမ၌ပြုလုပ်သော သစ်တောရေးရာဝန်ကြီးဌာန၊ မြေတိုင်းဦးစီးဌာနနှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)တို့ ပူးပေါင်းဆောင်ရွက်သည့် ကျွမ်းကျင်မှုဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြေတိုင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကံဆင့်၊ JICA Study Team မှ အဖွဲ့ခေါင်းဆောင် Mr. Koseki တို့က မြစ်ဝကျွန်းပေါ်ဒေသ UTMစနစ် မြေပုံများရေးဆွဲခြင်း၊ ပထဝီဆိုင်ရာ သတင်းအချက်အလက်များ (GIS Database) တည်ဆောက်ခြင်း စသည့်အချက်အလက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြေတိုင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်တင်က လုပ်ငန်းများကို လာရောက်ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် ဂျပန်ပညာရှင်များအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီးနှင့်အဖွဲ့သည် အစည်းအဝေးခန်းမအတွင်း ပြသထားသည့် မြေပုံထုတ်လုပ်ပုံအဆင့်ဆင့်နှင့် မြေပုံများအား လှည့်လည်ကြည့်ရှုသည်။

(သတင်းစဉ်)

ဝန်ကြီး ဦးတင်ဝင်းအား ဗီယက်နမ် အမျိုးသားပြည်သူ့လွှတ်တော်မှ လူမှုရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

ရန်ကုန် ဇူလိုင် ၁၆

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်းအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားပြည်သူ့လွှတ်တော်မှ လူမှုရေးကော်မတီဥက္ကဋ္ဌ မစ္စစ် ငုယင်သီဟိုင်သူနှင့်အဖွဲ့သည် ယနေ့ညနေ ၃နာရီတွင် ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ (ယာပုံ)

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးညွှန့်၊ လူမှုဖူလုံရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးချစ်ရှိန်၊ ဗဟိုပြည်တွင်းကုန်တင်ကုန်ချ ကော်မတီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးယုလွင်အောင်၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ဝင်း၊ ဗဟိုဝါဏိဇ္ဇပဋိပက္ခမှု ကော်မတီရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်ညွှန့်နှင့် ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူး ဦးမျိုးဝင်းတို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းအား ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ အမျိုးသားပြည်သူ့လွှတ်တော်မှ လူမှုရေးကော်မတီဥက္ကဋ္ဌ မစ္စစ်ငုယင်သီဟိုင်သူနှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။
(သတင်းစဉ်)



ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းအား ဗီယက်နမ်ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံနှုတ်ဆက်

ရန်ကုန် ဇူလိုင် ၁၆

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းအား မြန်မာနိုင်ငံတွင် အလုပ်သဘောခရီးအဖြစ်ရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားပြည်သူ့လွှတ်တော်မှ လူမှုရေးကော်မတီဥက္ကဋ္ဌ မစ္စစ်ငုယင်သီဟိုင်သူ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ ပြည်လမ်း နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ဝန်ကြီး ပဒေသရာဇာခန်းမသို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် အပြည်ပြည်ဆိုင်ရာဥပဒေနှင့် စာချုပ်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်လင်း၊ အာဆီယံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကြီးမြင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ညပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက ဧည့်သည်ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားပြည်သူ့လွှတ်တော် လူမှုရေးကော်မတီဥက္ကဋ္ဌ မစ္စစ်ငုယင်သီဟိုင်သူ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်နန်းတော်၌ ဂုဏ်ပြုညစာဖြင့်တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

● စာမျက်နှာ ၅ မှ

ယင်းနောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ် သူရအေးမြင့်က အမှာစကားပြောကြားရာတွင်နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး တစ်ရပ်လုံး ဟန်ချက်ညီညီ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖွံ့ဖြိုးရေးစီမံကိန်းကြီးသုံးရပ်ဖြန့်ကျက်အကောင်အထည်ဖော်ဆောင်ရွက်ပေးနေသလို တစ်ဖက်ကလည်း မြန်မာ့အားကစား အဆင့်အတန်းတိုးတက်မြင့်မားရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်နှင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် အားကစားအဆင့်အတန်းတိုးတက်မြင့်မားရေးအတွက် အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်သည့် ခေတ်မီအားကစားကွင်း၊ အားကစားရုံများတစ်နိုင်ငံလုံးမှာ လုံလုံလောက်လောက်ရှိနေစေရေးအတွက်ကို စီမံချက်ချမှတ်ပြီး စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်စေလျက်ရှိကြောင်း၊တစ်နည်းအားဖြင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်သစ်ကြီးအဖြစ် အမြန်ရောက်ရှိစေရေးကို အရှိန်အဟုန်ပြင်းစွာဖြင့် တည်ဆောက်အကောင်အထည် ဖော်လျက်ရှိသလို နိုင်ငံတော်၏အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေး လုပ်ငန်းများကိုလည်း နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများနည်းတူ ဦးစားပေး ဆောင်ရွက်နေသည်ကို ထင်ထင်ရှားရှား တွေ့ရမှာဖြစ်ကြောင်း။

အဆင့်မီအားကစားရုံ

ယနေ့ဖွင့်လှစ်သည့် ကျောက်ဆည်မြို့နယ် အားကစားခန်းမသစ်ကြီးသည် ရုံတွင်းအားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်နိုင်သည့် အဆင့်မီအားကစားရုံကြီးဖြစ်သဖြင့် ရုံသစ်ကြီးမှာ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ပြိုင်ပွဲများ၊ ဒေသတွင်း ဖိတ်ခေါ်ပြိုင်ပွဲများမှ မန္တလေးတိုင်းနှင့် နိုင်ငံလက်ရွေးစင်အတွက် အားထားရမည့် မျိုးဆက်သစ်အားကစားသမားများ မွေးထုတ်ပေးနိုင်တော့မှာဖြစ်သဖြင့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် အားကစားဝန်ကြီးဌာနတို့မှ ဝမ်းမြောက်ကြိုဆိုပါကြောင်းနှင့် အားကစားခန်းမအသစ် တည်ဆောက်ပြီးစီးရေးအတွက်အဘက်ဘက်မှပါဝင်ကူညီဆောင်ရွက်ပေးကြသူအားလုံးကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း စသည်ဖြင့် ပြောကြားသွားသည်။

ယင်းနောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ကျောက်ဆည်ခရိုင်အတွက် အားကစားပစ္စည်းများကို ပေးအပ်ရာ ကျောက်ဆည်ခရိုင် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်အုန်းက လက်ခံယူသည်။

သရုပ်ပြသ

ထို့နောက် ကျောင်းသားကျောင်းသူလေးများနှင့် ဒေသခံ အားကစားသမားများက အားကစားနည်းအမျိုးမျိုးအား သရုပ်ပြတင်ဆက်ကြသည်။

ထို့နောက် မြန်မာ့လက်ရွေးစင် လူကြီးဘော်လီဘောအသင်းနှင့် လူငယ်ဘော်လီဘော အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးတို့သည် ကျောက်ဆည်မြို့ ဘောလုံးကွင်းအား သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ကျင်းပနိုင်

ယနေ့ဖွင့်လှစ်သည့် ကျောက်ဆည်မြို့ မိုးလုံလေလုံအားကစားခန်းမသည် အလျား ပေ ၁၂၀၊ အနံ ၈၈ ပေ၊ အမြင့် ၃၆ပေ ၁၁လက်မဖြစ်သည်။ ပရိသတ် ၁၀၀၀ ဦးဆံ့ပြီး ဘော်လီဘော၊ ဂျူဒို၊ တိုက်ကွမ်ဒို၊ ကရာတေးဒို၊ လက်ဝှေ့၊ မြန်မာ့ရိုးရာလက်ဝှေ့၊ အလေးမ၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်၊ စားပွဲတင်တင်းနစ်၊ သိုင်း၊ ကာယဗလနှင့် ဘတ်စကက်ဘော အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်နိုင်မည်ဖြစ်သည်။

ဘောလုံးအားကစားကွင်းမှာလည်း အလျား ၃၄၅ပေ၊ အနံ ၂၂၅ပေရှိ နိုင်ငံတကာအဆင့်မီ ဘောလုံးကွင်းဖြစ်ပြီး မီတာ ၄၀၀ အရှည် လေးပေအကျယ် ပြေးလမ်း ရှစ်လမ်းပါဝင်သည်။

ထို့အပြင် အလျား ၁၈ပေ၊ အမြင့် ရှစ်ပေရှိ Score Board တစ်ခုနှင့် အလျား ၇၁ပေ၊ အနံ ၂၃ပေရှိ အထူးတန်းပွဲကြည့်စင်၊ မြောက်ဘက်တန်း၌ အလျား ၇၂ပေ၊ အနံ ၂၃ပေ ပွဲကြည့်စင်နှစ်ခု၊ အရှေ့ဘက်တန်းတွင် အလျားပေ ၆၀၊ အနံ ၂၃ပေ ပွဲကြည့်စင်လေးခု၊ တောင်ဘက်တွင် အလျား ၇၂ပေ၊ အနံ ၂၃ပေ ပွဲကြည့်စင်နှစ်ခုတို့ ပါဝင်ကြောင်းသိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် ကျောက်ဆည်မြို့၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေနှင့် ရေဖြန့်ဝေမှုလုပ်ငန်းများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ကြည့်ရှုစစ်ဆေး

အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ယနေ့မွန်းလွဲပိုင်းတွင် ကျောက်ဆည်မြို့ မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်းနှင့် ဓာတ်ခွဲခန်းများအတွင်း စက်ပစ္စည်းတပ်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ပံ့ပိုး ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

ချင်းတွင်းမြစ်ရေ အခြေအနေ

ရန်ကုန် ဇူလိုင် ၁၆

ယနေ့နံနက် ၀၆း၃၀နာရီအချိန် တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်လေးရက်အတွင်း ဟုမ္မလင်းမြို့၏ စိုးရိမ်ရေမှတ် ၂၇၀၀စင်တီမီတာ၊ မော်လိုက်မြို့၏ စိုးရိမ်ရေမှတ် ၁၂၃၀စင်တီမီတာနှင့် ကလေးဝမြို့၏ စိုးရိမ်ရေမှတ် ၁၅၅၀စင်တီမီတာ အသီးသီး အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၀၆း၃၀နာရီအချိန် တိုင်းထွာချက်များအရ ဒု၃ ၀တီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယနေ့မွန်းတည့်မှ နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၈၇၀ စင်တီမီတာတွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

အားကစားကွင်း

ကျောက်ဆည်မြို့နယ် မိုးလုံလေလုံ အားကစားကွင်းကို တွေ့ရစဉ်။ (သတင်းစဉ်)

ရန်ကုန်မိုးရေချိန်

(၁၆-၇-၂၀၀၄)

ကမ္ဘာအေး	**- ၀ ဒသမ ၂၈ လက်မ**
ရန်ကုန်မြို့လယ်	**- ၀ ဒသမ ၀၈ လက်မ**

Alpine Promises Health

THE ALPINE NEWS

July 18, 2004 Myanmar's Traditional Drinking Water Volume 1, No. 1

အရောင်းနှင့် ဝန်ဆောင်မှုဌာန ဖွင့်လှစ်ခြင်း

ALPINE သောက်ရေသန့်ဘူးများအား နှစ်မြိုက်စွာအားပေးကြသော သောက်သုံးသူ၊ ရောင်းချသူများအတွက် ဝယ်ယူသုံးစွဲမှု၊ မှာယူမှုများအား ပိုမိုအဆင်ပြေစွာ ဆောင်ရွက်ပေးနိုင်ရန် အရောင်းဌာနနှင့် Customer Service (ဝန်ဆောင်မှု) ဌာနအား အောက်ပါလိပ်စာသို့ ဆက်သွယ်နိုင်ပါကြောင်း ဝမ်းမြောက်စွာ အသိပေး အကြောင်းကြားအပ်ပါသည်။

Sales & Customer Service
အမှတ် ၅၃/ဃ၊ မြကန်သာလမ်း (၅) ရပ်ကွက်၊ လှိုင်မြို့နယ်။
Tel : 703049, 703051, 703053, 681629

Retail Outlet :
၁၁၇၊ ဗိုလ်တန်းလမ်း၊ လမ်းမတော်မြို့နယ်။
Tel : 229964

(U-9) ခမြကွက် (နေရာအချွန်ကောင်း)

Tel: 01-253268, 09-50-19116

စီးပွားရေးလုပ်ငန်းသုံးအင်္ဂလိပ်စာသင်တန်း

Business Setting, Social English, Fixed Phrase, Telephone & Reception Conversation, Sales Forecast, Presentation, Layout of Business Documentation, Effective Communication Skills in English

MENTOR BMC
၁၁၇ (ဒုတိယထပ်)၊ ၄၆–အထက်–လမ်း၊ ဖုန်း ၂၉၁၃၅၈

ကျောင်းသားသစ်များလက်ခံပြီ

☎ 01-535151, 09-80-34549

Y.E.S. မှ အင်္ဂလိပ်စကားပြော သင်တန်းများ

Basic Spoken English :	JULY-10,17,20,26
Pre-Intermediate English :	JULY-12,26
SAT (I), Intermediate English :	JULY - 6, 20,24
Academic Writing, Basic Writing :	JULY-24,26
Grammar Foundation Course :	JULY - 10
SAT (II) / AE, IELTS, TOEFL, VEC :	JULY - 5

No.119, Y.W.C.A Building, Bogalayzay Street, Botataung TSP,
ဖုန်း - 245821

အနုပညာ ကွန်ပျူတာ ဒီပလိုမာသင်တန်း
Diploma in Computer Arts (Dip.CA)

LCCI(UK) MARKETING DIPLOMA

MENTOR BMC ၁၁၇(ဒုတိယထပ်)၊ ၄၆(အထက်)လမ်း၊ ဖုန်း ၂၉၁၃၅၈

အမှန်တကယ်စားသုံးသူများအတွက်
ကျေနပ်မှုတွေဖြည့်ဆည်းနေမယ့်

ဝမ်းဖိုးဖိုက် စားသောက်ဆိုင်

ရန်ကုန်လေဆိပ်လမ်းဆုံအနီးမှာ
အမြဲရှိနေမယ်

ဖုန်း ၀၁ ၆၅၀၁၄၂

မြတ်သန္တာ
မြစ်ကြောင်းအပျော်စီးရေယာဉ်နှင့်
ရေပေါ်စားသောက်ဆိုင်



အမြန်အလိုရှိသည်

(၁) Sales Promoter

ဝန်ထမ်းအမြန်အလိုရှိသည်

(1) Technician
(2) Accountant
(3) Driver

B.E., A.G.T.I., CPA, B.Com, B.Act, LCCI Level II & III, C.V.

No.41, 7th Street, Lanmadaw Tsp, Yangon.

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်း၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆အေ၊ ၆အိပ်ချ်)၊ မြေကွက်အမှတ်၄ (တစ်စိတ်တစ်ပိုင်း)၊ ဧရိယာ ၁ဒသမ ၂၁၈ဧကေရှိ (အစိုးရမြေ)၊ ရေဝဏ်လမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်ဟု ခေါ်တွင်သော မြေကွက်ကို ဦးတင့်စိုးလင်းအား မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ နှစ်(၆၀)မြေငှားစာချုပ် ထုတ်ပေးမည်ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်နေ့မှစ၍ (နှစ်ပတ်အတွင်း)ဤဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများ တင်ပြ၍ ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ၊
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊
ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရန်ကုန်မြို့။

နိုင်ငံတကာအဆင့်မီ **ရွှေနန်းတော်** စိန်ရွှေရတနာဆိုင်

မိုးတစိမ့်စိမ့်မှာ တသိမ့်သိမ့်ရင်ခုန်ကြည်နူးသွားစေမယ့်
"ရွှေနန်းတော်ရဲ့တေးလက်ဆောင်" အစီအစဉ်

■ ဇူလိုင်လ(၁၈)ရက်နေ့မှ ဩဂုတ်လ(၁၈)ရက်နေ့အထိ နိုင်ငံတကာအဆင့်မီ ရွှေနန်းတော်စိန်ရွှေရတနာဆိုင်(၂)ဆိုင်စလုံးတွင် ဝယ်ယူအားပေးကြသူတိုင်းကို
အကယ်ဒမီထွန်းအိန္ဒြာဗိုရဲ့ နာမည်ကျော် Live Show ဒိုင်ယာရီ VCD လက်ဆောင်ပေးနေပါပြီ။

■ ရွှေနန်းတော်ရဲ့မှန်မှန်လက်ဆောင် ဟာမပါကံစမ်းလက်ဆောင်မှန်းများ ■ ကျပ်(၁၀)သိန်းဖိုးဝယ်တိုင်း ကျပ်(၁)သောင်းချက်ချင်းရမယ့် Golden Palace Diamond Card တို့ကိုလည်း ဆက်လက်ချီးမြှင့်ပေးနေတာမို့ ရွှေနန်းတော်ရွှေဆိုင်များသို့ အရောက်လှမ်းခဲ့ဖို့ နွေးထွေးစွာဖိတ်ခေါ်လိုက်ပါတယ်...

E-mail: snt@myanmar.com.mm
Website: www.goldenpalacejewellery.com
နေ့စဉ် ဆိုင်ဖွင့်ပါသည်။

MAA In Quest of Excellence
377, Shwebontha Yeiktha, Units 11 & 24, 1st Floor, Shwebontha Street, Pabedan, Yangon. Ph: 250 5012
LCCI
Accounting
LCCI Level I, II, III
25-July-2004 စတင်မည်
(10% Discount)

ယုဇနပလာဇာအနီးမြို့ထိပ် နေရာကောင်း
အမြန်ငှားလိုသည်။ (ပွဲစားမလို)
ဖုန်း။ ၀၉-၅၁၀-၁၆၀၀၉

18-7-04 VCD,DVD ထွက်ပြီ
တင်ပြနိုင်သည့်နေ့ မွန်းလွဲ 2:00 နာရီမှ 6:00 နာရီအထိ BLAZON SHOPPING CENTER တွင် မင်းမှ ဝယ်ယူအားပေးသူများအား လက်မှတ်ရေးထိုးပေးပါမည်။
GIORDANO မှ SPONSOR အဖြစ် တာဝန်ယူ၍ ကျင်းပသော အစီအစဉ်မှာတွင်ဆိုင်းရှင်များပါဝင်ဆင်နွှဲ၍ အမှတ်တရလက်ဆောင်များကိုလည်း ရယူနိုင်ပါသည်။
✲ အထူးအစီအစဉ် ✲
ထွန်းအိန္ဒြာဗို ၏ ဂီတသက်တမ်း (၁၀)နှစ်ပြည့် အမှတ်တရအဖြစ်ဖြစ်ပေါ်ခဲ့ရ ၂၄ ပုဒ် LIVE CONCERT မှတ်တမ်းများ VIDEO MAKING များပါဝင်သော နှစ်ရှည်လကြာ တစ်ချပ်ရေး နှစ်ခြင်းသာ ရောင်းချပေးပါမည်။
ကျေးဇူးပြု၍ အစစ်အမှန်ကိုသာဝယ်ယူအားပေးပါရန်

မိခင်နှင့်ရင်သွေးငယ်များအတွက်
အပေါ့ကြည်ရတဲ့ CAMERA BABY WORLD
PAPA
CAMERA
PETPET
Goodbaby
မိခင်နှင့်ရင်သွေးငယ်များအတွက် အမည်အသွေးသွေးအဖြစ်ကောင်းသော မိခင်နှင့်ကလေးအသုံးအဆောင် ပစ္စည်းအမျိုးမျိုးကို စိတ်တိုင်းကျ ဝယ်ယူနိုင်ရန်အတွက် CAMERA BABY WORLD ဆိုင်သစ်ကြီးကို လမ်းမတော်မြို့နယ်၊ ဘုန်းကြီးလမ်း အမှတ် (၁၁) တွင် (၁၄ - ၇ - ၂၀၀၄) နေ့၌ ဖွင့်လှစ်ပြီး ဖွင့်လှစ်လိုက်ပါပြီ။ ဆိုင်ဖွင့်ပွဲအထူးအစီအစဉ်အဖြစ် (၁၄ - ၇ - ၂၀၀၄)မှ (၁၄ - ၈ - ၂၀၀၄) နေ့အထိ ၎င်းဆိုင်သစ်ကြီးတွင် ဝယ်ယူအားပေးသော မိတ်ဆွေကောင်း/မိတ်သစ်များကို (7% Discount) ပေးမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

MCC ၏ အကျိုးရှိရှိ ထိထိမိမိ သင်တန်းများ
◆ Sales & Marketing Course ၁၀ပတ် - (၁၀၀၀၀ိ/-)
လက်တွေ့ချဉ်းကပ်သင်ကြားပြသပေးလျက် Sales Manager, Marketing Manager, Sales Promoter, Marketing Assistant အစရှိသည့် ရာထူးနေရာများတွင် ဝင်ရောက် လုပ်ကိုင်လိုသူများအတွက် အခြေခံမှစ၍သင်ကြား ပို့ချပေးမည့် သင်တန်းဖြစ်ပါသည်။
◆ Desktop Publishing Course ၁၃ပတ် - (၁၈၀၀၀ိ/-)
အချိန်တိုအတွင်း ကျွမ်းကျင်စွာ တစ်ခါတည်းကိုင်နိုင်အောင် ကိုယ်တိုင်လက်တွေ့ ကျကျ ပိုင်ပိုင်နိုင်နိုင် လုပ်ကိုင်စေရန် အခြေခံမှစ၍သင်ကြားပေးပါသည်။
ဖုန်း ၃၀၅၂၂၁၃၊ ၆၅၂၂၅၆၊ ၃၈၂၂၈၁

ဆရာကြီးမင်းသိင်္ခ၏ ပဒေသာမယဉ်ရာနယ် တစ်ဝတ်ပရိသတ်အတွက်
မဂ္ဂဇင်းကို တစ်ဝက်မတ်မတ်အားပေးနေတဲ့ ပရိသတ်ကြီး၏ စေတနာကို တုံ့ပြန်သောအားဖြင့် WOODFREE ဖြင့် အဆင့်မြင့်ရိုက်နှိပ်ထားပြီး ... ရွှေနန်းမောက်ဘဲ ... ဖြန့်ချိသွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။
ပဒေသာမယဉ်ရာနယ်

မြစ်သာ
သန့်စင်ပြီးသောက်ရေသန့်ဆီမွှေး
၀၆၂-၂၁၃၉၃၊ ၂၁၇၃၉၊ ၂၉၂၀၅
၂၉၁၆၇၊ ၂၂၂၅၄။

သင်၏စလောင်းအတွက်
တစ်ဆင့် ပြန်ပြီး ထိုင်းအားဖြင့်ရှိသည့် Top Field 3030 Model ရှိသူများအတွက် Metabox, Silver box စက်များကဲ့သို့ ၂၄ နာရီ ချိတ်ရှုလိုင်းများအား ... ကြည့်ရှုနိုင်စေရန် UPGRADE လုပ်ပေးနေပါပြီ။
အစဉ်အလာကြီးမားသော
ZN SATELLITE GROUP, Tel: 727548

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	လျှောက်ထားသူ			လျှောက်ထားသည့်				လျှောက်ထားသည့် အကြောင်းအရာ
	အမည်	မှတ်ပုံတင်	လိပ်စာ	မြို့နယ်	မြေကွက်အမှတ်	မြေကွက်	မြေအမည်ပေါက်	
၁။	ဦးသန်းဝင်း	၁၂/ဒဂန(နိုင်)၀၀၁၈၂၃	၃၅၃၊ မြို့မကျောင်းလမ်း ဒဂုံမြို့နယ်	ရွှေပြည်သာ	၁၇	၂၁၃/က	ဦးလှမြင့်	ဂရန်သစ်
၂။	ဒေါ်ကြူကြူ	၁၂/သဃက(နိုင်)၀၄၈၅၃၁	၃၇၀ ရန်ကင်းလမ်း လေးဒေါင့်ကန်ရပ်ကွက် သင်္ဃန်းကျွန်း	သင်္ဃန်းကျွန်း	လေးဒေါင့်ကန်	၈၂၄	ဦးမောင်ကြီး	ဂရန်သစ်
၃။	ဦးရဲမြင့်	၈/မကန(နိုင်)၀၁၄၂၈၈	၃၂ ဘုရင့်နောင်အိမ်ယာ၊ မရမ်းကုန်း	မရမ်းကုန်း	၂၉-သမိုင်း	၁၇၉၆ / ၈-၁ ၁၇၉၆ / ၈-၂	ဦးအောင်ဇော်ရဲမြင့်	အမည်ပြောင်း
၄။	ဦးရဲမြင့်	၈/မကန(နိုင်)၀၁၄၂၈၈	၃၂ ဘုရင့်နောင်အိမ်ယာ၊ မရမ်းကုန်း	မရမ်းကုန်း	၂၉-သမိုင်း		ဦးအောင်ဇော်မြင့်	အမည်ပြောင်း
၅။	ဦးကျော်သင်း	၁၂/မဂတ(နိုင်)၀၁၆၂၇၃	၅၂ လမ်း-၁၃၀	မင်္ဂလာတောင်ညွန့်	၁၁/P	V ၁၀၅	ဦးကျော်အေး	အမည်ပြောင်း
၆။	ဒေါ်စုစုတင်	၁၂/ဗဟန(နိုင်)၀၃၃၃၃၁	၁၂ နဂါးရုံဘုရားလမ်း မရမ်းကုန်း	မရမ်းကုန်း	၃၃-သမိုင်း	၁၂/ခ	Y.C.D.C	အထူးဂရန်
၇။	ဦးကျော်စိုးသန်း	၁၂/လသန(နိုင်)၀၁၁၃၈၅	၁၄ လမ်း (၁)ရပ်ကွက် မရမ်းကုန်း	မရမ်းကုန်း	၁/၂	၉၄	ဒေါ်လှမြင့်	မြေပုံကူး
၈။	ဦးကြည်စိုး	၁၂/လသန(နိုင်)၀၁၁၃၈၅	၁၄ လမ်း (၁)ရပ်ကွက် မရမ်းကုန်း	မရမ်းကုန်း	၁/၂	၉၅	ဦးထွန်းကြည်	မြေပုံကူး
၉။	ဦးကြည်လင်း+၁	၅/မမန(နိုင်)၀၅၁၀၆၁	၂၉၊ ဝေယံသိဒ္ဓိလမ်း မြို့သစ်ရပ်ကွက် ဒေါပုံ	ဒေါပုံ	၄/မြို့သစ်	၇၄	ဦးကြည်လင်း+၁	ဂရန်မိတ္တူ
၁၀။	ဒေါ်အေးအေးမူ	၁၂/သကတ(နိုင်)၀၄၀၃၃၀	၃၉/က ရန်မြို့(၁၆)လမ်း အရှေ့/၃ရပ်ကွက် သာကေတ	သာကေတ	၃/ရန်မြို့	၈၈၄/ခ	ဦးအောင်ကြည်+၂	ဂရန်ခွဲသစ်
၁၁။	ဒေါ်ခင်မေသန်း	၁၂/ဥကမ(နိုင်)၀၈၅၈၁၉	၆၄၊ ဝိတောက်လမ်း မင်္ဂလာဒုံ	မင်္ဂလာဒုံ	၄၀၈A	၆၅	ဒေါ်ခင်မြ	အမည်ပြောင်း
၁၂။	ဒေါ်ခင်မေသန်း	၁၂/ဥကမ(နိုင်)၀၈၅၈၁၉	၆၄၊ ဝိတောက်လမ်း မင်္ဂလာဒုံ	မင်္ဂလာဒုံ	၄၀၈A	၆၄/B	ဒေါ်ခင်မြ	အမည်ပြောင်း
၁၃။	ဒေါ်မြိုင်	၁၂/အစန(နိုင်)၁၁၀၇၄၁၄	၅၂၊ ဦးဘဖေလမ်းတောင်သုဝဏ္ဏရပ်ကွက်အင်းစိန်	ရွှေပြည်သာ	၃၂	၁၈၂	ဗိုလ်ကြီးထင်ဇော်ဝင်း	ဂရန်သစ်
၁၄။	[illegible](၁)ရွှေပြည်မြင့်	၁၂/စခန(နိုင်)၀၅၄၁၀၅	၄၈၈ (၇)လမ်း (၁)ရပ်ကွက် မရမ်းကုန်း	မရမ်းကုန်း	၁/၂	၄၈၈	ဒေါ်ခင်နုရီ	အမည်ပြောင်း
၁၅။	ဒေါ်နုနုရီ+၁	၁၂/ကမရ(နိုင်)၀၂၇၃၁၈	၃၈၊ အင်းယားလမ်း ကမာရွတ်	ဗိုလ်တထောင်	၁၀-H²	II ၁၂	ဦးဘသန်း	မြေပုံကူး
၁၆။	ဒေါ်ကောက်ဒို	၁၂/ဥကတ(နိုင်)၀၁၀၈၃၆	၅ အောင်ဝေယံလမ်း	ရန်ကင်း	၁-ကံဘဲ့	၁၀၂/ခ	ဦးစိုးငြိမ်း	အမည်ပြောင်း
၁၇။	ဒေါ်ခင်စန်းယု	၁၂/အစလ(နိုင်)၀၁၁၃၉၈၆	၂၉၊ တပင်ရွှေထီးလမ်း	ရန်ကင်း	၁-ကံဘဲ့	၁၁၅/ခ	ဦးနေဝင်း	အမည်ပြောင်း
၁၈။	ဒေါ်ကံတော်ညွန့်	၁၂/မရက(နိုင်)၀၆၈၁၃၆၉	၁၅-က ကမ္ဘာအေးဘုရားလမ်း (၁၁)ရပ်ကွက် မရမ်းကုန်း	မရမ်းကုန်း	၆၁-ကံဘဲ့	၁၂/ရ	ဦးစံလွင်+ဒေါ်သန်း	အမည်ပြောင်း
၁၉။	ဦးအောင်မြင့်	၁၂/စခန(နိုင်)၀၁၄၆၉၄	၂၂၇၊ ဗဟိုလမ်း စမ်းချောင်း	စမ်းချောင်း	၂၈C²	၈၆	ကိုအောင်မြင့်+၁	အမည်ပြောင်း
၂၀။	ဦးဟုတ်ကြည်+၄	၁၂/ကတတ(နိုင်)၀၀၇၁၃၆	၁၃၄၊ ဗိုလ်ချုပ်လမ်း ပုဇွန်တောင်	မရမ်းကုန်း	ဘုရင့်နောင်	၈/၄၅	ဦးသန်းမောင်+၂	အမည်ပြောင်း

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖခင်အမည်မှန်

အထက(၂)ကမာရွတ်၊ နဝမတန်း(စီ)မှ မခင်မိုးပွင့်နှင့် အမက(၁၀)လှိုင်မြို့နယ်၊ စတုတ္ထတန်း(A)မှ မောင်မျိုးသီဟတို့၏ဖခင် အမည်မှန်မှာ ဦးထွန်းလွင် [၁၂/ ပဘတ(နိုင်) ၀၀၈၄၈၁]ဖြစ်ပါကြောင်း။

အမည်ပြောင်းခြင်း

ဦးတင်အောင်ထွန်း၏သမီးဖြစ်သူ အထက(၂) လသာ၊ သတ္တမတန်း(D)မှ မအေးဆုမြတ်ထွန်းအား မခင်နွယ်နီအောင်ဟု ပြောင်းလဲခေါ်ပါရန်။
မခင်နွယ်နီအောင်။

အမည်ပြောင်းခြင်း

ဦးရဲဝင်း၏သမီး အထက(၅)၊ မင်္ဂလာဒုံ VI Bမှ မိုးပုလဲသွယ်အား မမြတ်ကေခိုင်ဟု ပြောင်းလဲခေါ်ပါရန်။
မမြတ်ကေခိုင်။

ဘိုးလပ်စ ပါဆိုသက်မှုများ

(Japanese Sewing Quality)

Ph-274376

Ph-544908, 371532

(၂၅)နှစ်မြောက် မင်္ဂလာဆောင်

HAPPY WORLD

(Final Part II -M.C.)

(Grade 9-Y.I.E.C)

အထက သုဝဏ္ဏ ကျောင်းသား ကျောင်းသူဟောင်းများ

အာစရိယပူဇော်ပွဲကျင်းပရေး ညှိနှိုင်းအစည်းအဝေး

FAME HERBAL FRESH®

ဓာတ်ကြည်လင်ဆံပင်ဆေး

(၉)နှစ်မြောက်မွေးနေ့ဆုတောင်း

ချစ်သားလေး **မောင်ကျော်သန်းစိုး**(အလက-၇)ကျေးပင်ကြီး စစ်တွေမြို့၏ ၁၇-၇-၂၀၀၄နေ့တွင် ကျရောက်သည့် (၉)နှစ်မြောက်မွေးနေ့မှသည် ချစ်သောမိသားစုနှင့်အတူ ကျန်းမာပျော်ရွှင်ပြီး လိမ္မာထက်မြက်ထူးချွန်သည့် သားကောင်းရတနာလေးဖြစ်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်---॥

ချစ်သော	- အဖိုးသျှင်-အဘွားသျှင်
ချစ်ပါပါ	- ဦးမောင်မောင်သန်း
ချစ်မေမေ	- ဒေါ်နှင်းစိုးခိုင်
ချစ်ကိုကြီး	- မောင်မြတ်ဇော်သန်း(နဝမတန်း)အထက(၄)စစ်တွေ
ချစ်ကိုလတ်	- မောင်ဝင်းစိုးသန်း(အဋ္ဌမတန်း)အထက(၄)စစ်တွေ

မင်္ဂလာဆုတောင်း

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ဧဒ္ဓိနိုင်ဝန်ထမ်းရိပ်သာနေ ဖေဖေ **ဦးသန်းအောင်**[B.A(Economics), C.B.C.A]နှင့် မေမေ **ဒေါ်ခင်မာလာ** [B.A (Geography), C.B.L]တို့၏ ၁၇-၇-၂၀၀၄နေ့တွင် ကျရောက်သော (၁၅)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ပျော်ရွှင်ချမ်းမြေ့စွာ အတူလက်တွဲအောင်ပွဲများစွာ ရရှိနိုင်ပါစေကြောင်း॥

သားလေး-ပြည့်အောင်ကို
သတ္တမတန်း(A)
အောင်ဆန်းသူရိယလူသောင်းကျောင်း
မင်္ဂလာဒုံ॥

မင်္ဂလာညစာစားပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အနော်ရထာလမ်း၊ အမှတ်(၁၃၆)၊ အလယ်ဟာချီမူဟမ္မဒ်လာ(လ်)မဆီ(ခ)ဦးလှထွန်း၊ ဟာချီမ ရှကိုင်ယွတ်ဘီဘီ(ခ)ဒေါ်ခင်စန်းရီ (Acmee Tailor)တို့၏သားထွေး

Haji Imranmani@မောင်ဇင်မင်းထွန်း
B.A (Business Management) နှင့်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ခပေါင်းလမ်း၊ (မာတင်ရိပ်သာ) အမှတ်-၅-A(1)နေ ဟာချီ ဦးသန်းစိန်-ဟာချီမ ဒေါ်အေးအေးမြင့် (Sandar Int'L Cosmetics Manufacturing Co.,Ltd.)

မြေနှစ်ကောင်းဆေးတိုက်တို့၏သမီး

Sharifa Bi Bi @ မအေးသဥ္ဇာသန်း
B.A (English) YUFL

တို့၏ ၉-၇-၂၀၀၄ရက် (သောကြာနေ့)၌ CSR ကာတီဗလီလေးတွင် နေကာဖတ်ကြားပေးခဲ့သော မောလဝီဟာဖစ်ဦးကျော်နိုင်နှင့် မောလဝီခါလစ်အားလည်းကောင်း၊ ၁၀-၇-၂၀၀၄ (စနေနေ့)တွင် Strand Hotel ဝလီမာညစာစားပွဲတွင် ကြွရောက်မင်္ဂလာပန်းကုံးချီးမြှင့်ပေးသော ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်ခင်(ငြိမ်း)နှင့် ပါမောက္ခ ဒေါက်တာခေါ်နန်းဦး၊ မင်္ဂလာလက်စွပ်ပေးသော ပါမောက္ခဒေါက်တာအောင်ကျော် (ဦးနောက်နှင့်အာရုံကြောအထူးကုဆရာဝန်ကြီး)နှင့်ဇနီး ဒေါက်တာခင်သန်းတင့် (ကွဲဖက်ပါမောက္ခ၊ သားဖွားနှင့်မီးယပ်အထူးကုဆရာဝန်ကြီး)၊ မင်္ဂလာလက်စွပ်လက်ဖွဲ့ ချီးမြှင့်ပေးသော ပြင်ဦးလွင်မြို့ ကိုချိုအဝ်ချွန်ဆိုင်မှ ကိုချို၊ သမားတော်ကြီး ဒေါက်တာကျော်မြင့်နှင့်ဇနီး၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဇနီး၊ Esquire TV-Video Service Centerမှ ဟာချီဦးဘာသိန်းနှင့်ဇနီး၊ Gold Brother Trading Co.,Ltd.မှ ဟာချီ Aziz(ခ)ဦးလှရွှေနှင့်ဇနီး၊ Cairoအပ်ချုပ်ဆိုင်မှ ကိုအောင်ထွေး၊ မြူးနစ်အပ်ချုပ်ဆိုင်မှ ကိုရဲနိုင်၊ လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အပေါင်းအသင်းမိတ်ဆွေသူငယ်ချင်းများ၊ Strand Hotelဝန်ထမ်းများ၊ မိတ်ကပ်နှင့်ဆံပင်အလှဖန်တီးပေးသော Image၊ သတို့သားဝတ်စုံအထူးတာဝန်ယူချုပ်လုပ်ပေးသော Young Acmee Tailor မှ Designer Mr.Saleem နှင့်မိဒီယိုရိုက်ကူးရေးအဖွဲ့၊ တေးသီဂုဏ်ဆောင်ကိတ်အဖွဲ့နှင့်ပိုင်းတော်သားများ၊ အာဂတ်ဘက်မှပါဝင်ကူညီ ဆောင်ရွက်ပေးခဲ့သော အတ္တမိတ်ဝန်ထမ်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇင်မင်းထွန်း-မအေးသဥ္ဇာသန်း॥

စစ်ကိုင်း–ဝါးချက်–မင်းကွန်း ကားလမ်း ကတ္တရာလမ်းခင်းရန် အလှူရှင်များ နှိုးဆော်လွှာ

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကရေ၊ မေဓာဝိဏ္ဍတ၊ ဂါရိကာ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိကဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ ဆရာတော်ဘုရားကြီး တည်ထောင်တော်မူခဲ့သော မင်းကွန်းတိပိဋက–နိကာယကျောင်းတိုက်ကြီးများတွင် သီတင်းသုံးနေထိုင်တော်မူကြသည့် ဆရာတော်ဘုရားကြီး၏ သားတပည့်များ ရွှေရတုတိပိဋကရေ၊ တိပိဋကကောဝိဒဆရာတော် အရှင်သီလက္ခန္ဓာဘိဝံသနှင့် ဆရာတော် အရှင်ဝံသပါလာလင်္ကာရ၊ တိပိဋကရေ တိပိဋကကောဝိဒဆရာတော် အရှင်ဂန္ဓမာလာလင်္ကာရတို့မှ ကျောင်းပြင်၊ ကျောင်းဆောက်၊ လမ်းဖောက်စသည့် သာသနာပြုရေးရပ်ဝတ်တော်မူများကို ဆရာတော်ဘုရားကြီးပြုလုပ်ခဲ့သည့် နည်းတူ အမွေဆက်ခံသည့်အနေဖြင့် စစ်ကိုင်း–ဝါးချက်–မင်းကွန်းကားလမ်းကို မွေနာဒကျောင်းတိုက်အထိ ကတ္တရာဆက်လက်ခင်းရန် စီမံဆောင်ရွက်လျက်ရှိရာ ကလျာဏနယ်ဝင်သူတော်စင်အပေါင်းတို့သည် နိဗ္ဗာန်အကျိုးမျှော်၍ တိပိဋကရေဆရာတော်အရှင်သူမြတ်များနှင့်အတူ သာသနာပြုကုသိုလ်ရယူ လှူဒါန်းနိုင်ကြပါသည်။

(၁) ကတ္တရာတစ်ပေပါလျှင်	ကျပ်	၁၀၀၀၀
(၂) ကျောက်ကြီးတစ်ကျင်းလျှင်	ကျပ်	၅၀၀၀
(၃) ကျောက်လတ်တစ်ကျင်းလျှင်	ကျပ်	၃၀၀၀
(၄) ကျောက်သေးတစ်ကျင်းလျှင်	ကျပ်	၃၀၀၀

ဆက်သွယ်လှူဒါန်းနိုင်သောဌာနများ

(၁)တိ-နိကျောင်းတိုက်ကြီးများ၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်းတောင်ရိုး။
ဖုန်း-တိပိဋကရေဆရာတော်များ-၀၉၆၉-၇၁၆၂၅၊ ၀၉၆၉-၇၁၆၂၇။
(၂)တိ-နိ မန္တလေးဌာန၊ ၁၉၊ ၂၆ ဘုရင့်နောင်လမ်း၊ ပိုက်ကျုံးရပ်၊ မန္တလေးမြို့။ ဖုန်း-၀၂-၃၀၁၉၀။
(၃) တိ-နိရန်ကုန်ဌာန၊ ၁၂၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၂၂၇၇၊ ၂၂၂၂၇၈၊ ၂၂၂၇၉၊ ၂၀၉၈၈၊ ၂၁၁၁၉၂။
(၄)တိ-နိ စစ်ကိုင်းဌာန၊ ဈေးကုန်းရပ်၊ စစ်ကိုင်းမြို့။ ဖုန်း-၀၇၂-၂၁၇၀၅။
(၅)တိ-နိ ပြင်ဦးလွင်အနီးစခန်း၊ ဥက္ကဋ္ဌ ဦးစောရီ၊ ရတနာမြင့်ဆန်စက်၊ ညံတောရပ်၊ ပြင်ဦးလွင်မြို့။ ဖုန်း-၀၈၅-၂၂၅၇၇။

အမှူးဆောင်အဖွဲ့
တိပိဋက–နိကာယသာသနာပြုဥပဋ္ဌာကအဖွဲ့(ရန်ကုန်ဌာန)။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အောင်မြေသာစည်အိမ်ရာ၊ ပုလဲလမ်း၊ အမှတ်(၃၄)နေ ဦးမျိုးသန့်-ဒေါ်ခင်စန်းထွန်းတို့၏သားကြီး

မောင်ပြည့်စုံထွန်း (Diploma in Electronics, Teamasek Polytechnic Singapore) နှင့်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းသူမွေလမ်း၊ အမှတ်(၉)နေ ဦးမြင့်သန်း(TTI Retd MR)-ဒေါ်ကြည်ကြည်လှတို့၏သမီးထွေး

မစန္ဒာမြင့်(ခ)မိစံ (Final Year Business Management)

တို့သည် ၁၄-၇-၂၀၀၄ (ဗုဒ္ဓဟူးနေ့)တွင် နှစ်ဖက်သောမိဘဆွေမျိုးများ၏ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ပြည့်စုံထွန်း–မစန္ဒာမြင့်(ခ)မိစံ။

Air-Con နှင့် လုပ်ငန်းရှင်များသို့

ကျွန်တော်များကုမ္ပဏီမှ Pro W/P နှင့် PSP W/Pများကို ဧပြီလမှ ဇူလိုင်လကုန်အထိ Promotion ကာလအနေဖြင့် Discound ဖြင့် ရောင်းချပေးလျက်ရှိရာ ဝယ်ယူခဲ့ကြသော လုပ်ငန်းရှင်များကို ကျေးဇူးတင်ရှိပါသည်။ Promotion ကာလ ဇူလိုင်တစ်လတည်းသာ ကျန်ရှိသဖြင့် မိတ်ဟောင်း၊ မိတ်သစ်များ လာရောက် ဆက်သွယ်ဝယ်ယူနိုင်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

နယူးစတား
စက္ကူ-ဝေါပလ်-စက်စက္ကူသွတ်မူလီ၊ ဝါရာဆိုက်စုံရောင်းဝယ်ရေး
အမှတ်(၁၄)၊ E-ရုံ၊ သိမ်ကြီးဈေး၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-01-240600-Ext-422 (Shop), Res:251487, 250031.

စိတ်ဖိစီးမှုများကို ဖယ်ရှားပစ်ရန်အတွက်

ရဲရဲ ရင်ဆိုင် ဖြတ်သန်း

ချစ် နိုင် (စိတ်ပညာ)

ထေအာင်သရဖူ GCE သင်တန်း

GCE,TOEFL,IELTS,English Grammar class

Commencing Date : August 2004

212357, 252821

FANCY HOUSE
FANCY HOUSE HAIR BEAUTY SALONS

၃-၈-၂၀၀၄တွင် စတင်မည့် သင်တန်းအတွက် သင်တန်းသူများကို လက်ခံနေပါပြီ။

လူငယ်ရေးအကန့်အသတ်ရှိသည်။ နိုင်ငံခြားမှလုပ်သက်နှစ် (၂၀)ကျော်ရှိသော ဝါရင့်ဆရာမ ကိုယ်တိုင် သင်ကြားပေးပါမည်။

Ph.704533, 578931၊ အမှတ်-(၃/စီ)၊ သစ္စာလမ်း၊ (ကန်ဘဲ့လမ်း)၊ ရန်ကင်းမြို့နယ်၊ (ရေရှူလိုက်မီးဆိုင်းအရောင်းပြခန်းအနီး)။

အများသိစေရန်ကန့်ကွက်ကြောင်းကြေညာချက်

ရှင်ပြည်နယ်၊ သံတွဲခရိုင်၊ လင်းသာရွာ၊ လင်းသာမြောက်ရပ်ကွက်ရှိ မြေတိုင်းအမှတ်- ၂၉၈(ဃ)၊ မြေကွက်အမှတ်(၂၀၅)၊ မြေမျိုးနံရံ၊ ၀၁၁၁၀၅၂၂)ဧကရှိ မြေအမျိုးအစား လန(၃/ခ)၊ မြေကွက်နှင့် မြေကွက်ပေါ်တွင် ဆက်နွယ်သွယ်ပတ်လျက်ရှိသော အနုံးပင်၊ သီးပင်စားပင်များအပါအဝင် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးတော်မီအောင်(အက်စ်ကြိုး-၀၉၀၁၃၄)ဆိုသူထံမှ ကျွန်ုပ်၏မိတ်ဆွေသည် နှစ်ပေါင်း(၃၀) ကာလတ်ရေးထားပြီးဖြစ်ပါသဖြင့် အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ သီးပင်၊ စားပင်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်၏မိတ်ဆွေသိရှိစေဘဲ အခြားသူတစ်ဦးတစ်ယောက်အား ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ ပေါင်နှံခြင်း အစရှိသည့် စီမံမှုတစ်စုံတစ်ရာ ပြုလုပ်ခွင့်မရှိပါကြောင်းနှင့် ပြုလုပ်ခဲ့သည်ရှိသော် ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်မိမိလှိုင်
တရားလွှတ်ရှေ့နေ (၅၃၅၄)
အမှတ်(၃/ခ)၊ (၃၅)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ပဲခူးရွှေမော်ဓောဘုရားမှ

နိုင်ငံကျော် အမိဝမ်းတွင်းပါ အကြားအမြင် လက္ခဏာ

ဆရာမကြီး ဒေါ်ခင်စန်းမြင့်

မဟာဝိဇယဘုရားမြောက်ဘက်မုခ် (ရန်ကုန်မြို့)
နံနက် (၉)နာရီမှ ညနေ (၅)နာရီထိ
(ပိတ်ရက်မရှိ)။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

၁။Electronic Engineer	B.E(E.C)/B.Tech(E.C)	ကျား	(၂)ဦး
၂။Production Engineer	B.E(E.C)/B.Tech(E.C)	ကျား	(၁)ဦး
၃။Q/C Engineer	A.G.T.I (E.C)	ကျား/မ	(၁)ဦး
၄။Production Supervisor	A.G.T.I (E.C)	ကျား/မ	(၂)ဦး
၅။Store Supervisor	(ဘွဲ့ရ၊ အတွေ့အကြုံရှိရမည်)	မ	(၁)ဦး
၆။Skill Workers	(၁၀တန်း)	ကျား/မ	(၆)ဦး
၇။Admin Staff	(ဘွဲ့ရ၊ အတွေ့အကြုံရှိရမည်)	မ	(၁)ဦး

လျှောက်ထားလိုသူများသည် ဓာတ်ပုံ(၂)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ကိုယ်ရေးရာဇဝင်၊ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်းထောက်ခံချက်၊ အောင်လက်မှတ်မိတ္တူ၊ ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံနှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း Swallow King Service Centre အမှတ်(၅၅-၆၁)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ စင်းမာပရိဘောဂဆိုင် ဖုန်း-၂၄၂၂၆၂၊ ၂၅၆၂၃၀၊ ၂၄၃၇၇၉ သို့လာရောက်လျှောက်ထားနိုင်ပါသည်။

မြန်မာဟိုင်း တိုင်းရင်းဆေးကုန်း

သတိပေးကြေညာချက်

မန္တလေးတိုင်း၊ ပြင်ဦးလွင်မြို့၊ ပဒေသာမြို့သစ်၊ မြန်နွယ်ရပ်၊ မြေကွက်အမှတ်(၁၁၁)၊ အကွက်အမှတ်(စီစီ)မြေကွက်မှာ မြို့မြေနေရာချထားရေးကော်မတီ၏ (၁၅-၇-၁၉၉၀)ရက်စွဲပါ စာအမှတ်အမှတ်-၂၅ရာအရ ဗိုလ်ကြီးကျော်ထွေးအမည်ပေါက် ပိုင်ဆိုင်ပြီး၊ ၎င်း၏အထွေထွေကိုယ်စားလှယ်လွှဲစာရသူ ဦးခင်မောင်ထွေးမှ ထိုမြေနှင့်ပတ်သက်သည် ကိစ္စအဝဝကို ဥပဒေနှင့်အညီ ဆောင်ရွက်ရာတွင် ထိုမြေပေါ်သို့ ကျူးကျော်ခြင်း၊ နှစ်နာဆုံးရှုံးအောင် ပြုလုပ်ပြောဆိုခြင်းများ ပြုပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

ဦးခင်မောင်ထွေး၏ညွှန်ကြားချက်အရ-
ဒေါ်အေးအေးချို (LL.B)
တရားရုံးချုပ်ရှေ့နေ(စဉ်-၇၃၄၅)
သိမ်ဖြူရပ်၊ ပုဂံမြို့သစ်။

ပရဟိတဂေဟာနှင့်ဘိုးဘွားရိပ်သာများအတွက် အလှူငွေနှင့်ပစ္စည်းများလှူဒါန်းနိုင်ကြောင်း နှိုးဆော်ခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ပြည်နယ်/တိုင်းများရှိ သတ်မှတ်ချက်များနှင့်အညီ အသိအမှတ်ပြုထားပြီးဖြစ်သော လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ(၁၅၀)မှ လူငယ် ၁၃၃၉၁ ဦး၊ မျက်မမြင်ကျောင်းလေးကျောင်းမှ ၃၁၈ ဦး၊ နားမကြားကျောင်း တစ်ကျောင်းမှ ၁၅၆ ဦး၊ ဘိုးဘွားရိပ်သာ ၃၉ ခုမှ ဘိုးဘွား၁၉၁၅ဦးနှင့် စေတနာ့ဝန်ထမ်းအမျိုးသမီး သက်မွေးအတတ်ပညာသင်ကျောင်း ၁၀ ကျောင်းမှ ၈၀၄ ဦး၊ စုစုပေါင်း စေတနာ့ဝန်ထမ်းအဖွဲ့ အစည်း ၂၀၄ ခုမှ လူဦးရေ ၁၆၅၈၄ ဦးကို နှစ်စဉ်ဆန်နှင့်ငွေကြေးများထောက်ပံ့ပေးလျက်ရှိပါသည်။ တာဝန်ယူဆောင်ရွက်လျက်ရှိသော ဘာသာရေးအဖွဲ့အစည်းများ၊ ဘုန်းတော်ကြီးများ၊ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများမှလည်း ဘိုးဘွားများ၊ လူငယ်များ၊ မသန်စွမ်းသူများ၏ ဘဝတက်စုံဖွံ့ဖြိုး တိုးတက်ရေးနှင့် သာယာလှပရေးအတွက် ကြိုးပမ်းထမ်းဆောင်လျက်ရှိသော်လည်း ၎င်းတို့အား ပိုမို ကူညီထောက်ပံ့ရန် လိုအပ်လျက်ရှိပါသည်။ သို့ပါ၍ နိုင်ငံတော်မှ ကူညီထောက်ပံ့ပေးသကဲ့သို့ အလှူရှင်၊ စေတနာရှင်များမှလည်း ဆန်၊ ငွေနှင့်ပစ္စည်းများကို အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ် လှူဒါန်းနိုင်ပါကြောင်းနှင့်လှူဒါန်းရရှိသော ဆန်၊ ငွေနှင့်ပစ္စည်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသို့ တာဝန်ယူခွဲဝေ လှူဒါန်း ပေးမည်ဖြစ်ပါကြောင်း နှိုးဆော်အပ်ပါသည်-

(၁) ဦးမောင်ပီ၊ ရုံးအဖွဲ့မှူး၊ ဖုန်း-၆၆၄၃၅၄
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(၂) ဦးဘိုးသန်း၊ ဖုန်း-၆၆၂၅၉၁
ညွှန်ကြားရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန

(၃) ဦးအေးဝင်း၊ ဖုန်း-၆၆၂၅၈၆
ဒုတိယညွှန်ကြားရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန

(၄) ဦးစိန်ဝင်း၊ ဖုန်း-၆၆၂၅၉၀
ဒုတိယညွှန်ကြားရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန

တောင်သာမြို့နယ်အသင်း(ရန်ကုန်)
(စာမူများဖိတ်ခေါ်ခြင်း)

၂၀၀၄ခုနှစ် နှစ်ပတ်လည်မဂ္ဂဇင်းထုတ်ဝေရာတွင် မြို့နယ်သူ၊ မြို့နယ်သားများနှင့် စာပေစိတ်ဝင်စားသူများ၏ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ စာညွှန့်များကို ဖိတ်ခေါ်အပ်ပါသည်။ စာမူများကို ၃၁-၈-၂၀၀၄နေ့ နောက်ဆုံးထားပြီး အောက်ပါပုဂ္ဂိုလ်များထံသို့ ဆက်သွယ်ပေးပို့ကြပါရန် အသိပေးအပ်ပါသည်။

(၁)ဒေါက်တာခင်မောင်ဆွေ (ပါမောက္ခငြိမ်း)၊ ရန်ကုန်တက္ကသိုလ်၊ အမှတ်(၁၀) လမ်းဆက်လမ်း၊ တာမွေစာတိုက်၊ တာမွေမြို့နယ်။

(၂)ဦးအောင်သောင်း(ပါမောက္ခငြိမ်း)၊ ရန်ကုန်တက္ကသိုလ်၊ အမှတ်(၁၃)၊ ရတနာလမ်း၊ အမှတ်(၃)ရပ်ကွက်၊ ကမာရွတ်စာတိုက်၊ ကမာရွတ်မြို့နယ်။

အမှုဆောင်အဖွဲ့။

ဉာဏ်မည်၊
သာယာ်န်းကျွန်း(ဆိုင်ကျေရှည်)
100'x200' ပျော် 50'x100'
ဆက်ရန် - 440 ...Ph
☎ 221184, 211642

ဉာဏ်မည်၊
ကိုးမိုင်(ယာယီကျေရှည်) 65'x135'
ပျော် 50'x65'
ဆက်ရန် - 440 ...
☎ 221184, 211642

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ကြည်မြင့်(၆၁)နှစ်
(B.A, B.Ed)
အထပြ(ငြိမ်း)၊ အထက ထန်းတပင်(တောင်ငူ)

[illegible]

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ကြည်မြင့်(၆၁)နှစ်
(B.A, B.Ed)
အထပြ(ငြိမ်း)၊ အထက ထန်းတပင်(တောင်ငူ)

မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဟန်၏ညီမဖြစ်သူ ဒေါ်ကြည်မြင့်သည် ၁၃-၇-၂၀၀၄ရက်တွင် တောင်ငူခရိုင်၊ ထန်းတပင်မြို့၌ ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန။

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်ကြီး မောင်ဦး (ငြိမ်း)
ဒုတိယညွှန်ကြားရေးမှူး၊ ခရိုင်ဦးစီးဌာနမှူး(လဝက)
အသက်(၅၀)

တောင်ငူမြို့၊ (၁)ရပ်ကွက်၊ ထီးလှိုင်လမ်းနေ ဒေါ်ခင်ဖြူးမြင့် (M.W, ငြိမ်း)၏ ခင်ပွန်း ဗိုလ်ကြီး မောင်ဦး(ငြိမ်း) ဒုတိယညွှန်ကြားရေးမှူးသည် ၁၁-၇-၂၀၀၄ရက် နံနက် ၀၀း၁၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲပါကြောင်း။

ဗိုလ်ကြီး ဘိုရွှေ(ငြိမ်း)
တိုင်းဦးစီးဌာနမှူး (ညွှန်ကြားရေးမှူး)
ရောဝတီတိုင်း၊လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန။

အမည်မှန်
ဦးချစ်စိန်၏သား အထက(၂) ဗဟန်း VI C တွင် ပညာသင်ကြားနေသော မောင်နန္ဒအောင်အား သန်းခေါင်စာရင်းအရ မောင်ကျော်မင်းရှိန်ဟု အမည်ပြောင်းလဲခေါ်ပါရန်။

အမည်ပြောင်းခြင်း
ဦးမောင်မောင်၏သား ဦးရာဇတ် [၁၂/မဂတ(နိုင်)၀၅၅၅၆၉]အား ဦးခင်မောင်လတ်ဟု ပြောင်းလဲခေါ်ပါရန်။

ဦးခင်မောင်လတ်။

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	လျှောက်ထားသူ အမည်	မှတ်ပုံတင်	လိပ်စာ	လျှောက်ထားသည့် မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လျှောက်ထားသည့်အကြောင်းအရာ
၁။	ဒေါ်စိုးစိုးစိမ်း	၁၂/စခန(နိုင်)၀၁၄၂၄၉	၆၉၊ နှသာလမ်း ဥာနာရပ်ကွက်၊ အလုံ	အလုံ	၂၃H	၉၄	ဒေါ်လှမြင့်+၂	အမည်ပြောင်း
၂။	ဦးဇော်မြင့်	၉/အမရ(နိုင်)၀၀၇၈၆၀	၃၆၉၊ နှင်းဆီလမ်း ၁၇-ရွှေပေါက်ကံ	မြောက်ဥက္ကလာပ	၁၇-ရွှေပေါက်ကံ	၃၆၉	ဒေါ်ခင်လှ	အမည်ပြောင်း
၃။	ဒေါ်သာရင်	၁၂/တာမန(နိုင်)၀၄၈၂၁၆	၂၂၉၊ ပုလဲရတနာလမ်း ၂၅-ရပ်ကွက်၊ ဒဂုံတောင်	ဒဂုံတောင်	၂၅	၂၂၉	ဒေါ်အေးကြည်	အမည်ပြောင်း
၄။	ဦးအောင်မြင့်လှိုင်+၂	၁၂/မရက(နိုင်)၀၆၂၄၉၈	၉၀၂၊ သီရိဓေယျာလမ်း (၇)ရပ်ကွက်၊ တာ/ဥ	တောင်ဥက္ကလာပ	၇	၉၀၂	ဦးထွန်း+၁	ဂရန်သစ်
၅။	ဒေါ်လှစိန်	၁၂/ဥကတ(နိုင်)၀၂၈၂၆၀	၃၇၈၊ အာနည်(၁၁)လမ်း (၉)ရပ်ကွက်၊ တာ/ဥ	တောင်ဥက္ကလာပ	၉	၃၄၃(ခ)	ဦးစိန်အေး	အမည်ပြောင်း
၆။	ဦးမန်နီကန်(ခ)ဟောင်သိန်း	၁၂/မဂတ(မြို့)၀၀၀၀၀၄	၄၁၆၊ ဝေဇယန္တာလမ်း သင်္ဃန်းကျွန်း	သင်္ဃန်းကျွန်း	၁၆ ဧ/တောင်	၄၁၆	ဒေါ်တင်ညွန့်	အမည်ပြောင်း
၇။	[illegible]	၁၂/စခန(နိုင်)၀၀၉၂၅၅	၉၊ ကြံ့ခက်(၁)လမ်း လင်းလွန်း(မြောက်) စမ်းချောင်း	စမ်းချောင်း	၂၈-C	၈၁/၂၄	ဒေါ်ခင်မြင့်	အမည်ပြောင်း
၈။	ဒေါ်သန်းသန်းမြင့်	၁၂/မရက(နိုင်)၀၇၅၉၇၈	၂၄၈၊ ဂန္ဓာရုံလမ်း ၄၇-ရပ်ကွက်၊ ဒဂုံမြောက်	ဒဂုံမြောက်	၄၇	၂၄၈	မောင်စိန်တင်	ဂရန်သစ်
၉။	ဒေါ်ကက်မေ	၁၂/စခန(ဧည့်)၀၀၀၁၃၃	၁၈၂ ပေါ်လမ်း ကျွန်း/လယ်ရပ်ကွက်၊ စမ်းချောင်း	စမ်းချောင်း	၂၈-E	၈၇-D/၁	ဦးစော်ဖိုး ဒေါ်ပု	မြေပုံကူး
၁၀။	ဦးထွန်းအောင်ကျော်	၁၂/တာမန(နိုင်)၀၅၅၇၃၄	၅၇၅၊ ၃၄-ရပ်ကွက်၊ ဒဂုံမြောက်	ဒဂုံမြောက်	၃၄	၅၇၅	ဦးတင်ရွှေ	အမည်ပြောင်း
၁၁။	ဒေါ်တင်တင်ဝင်း	၁၂/အလန(နိုင်)၀၂၅၇၁၅	၆၉၊ ဥာနလမ်း အလုံမြို့နယ်	ရွှေပြည်သာ	၂၉	၉၈	[illegible]	ဂရန်သစ်
၁၂။	ဦးတင်ကြိုင်	၁၂/မရက(နိုင်)၀၆၆၂၇၆	၃၂၆၊ ကျွေးအေးဘုရားလမ်း (၉)ရပ်ကွက်၊ မရမ်းကုန်း	မြောက်ဥက္ကလာပ	၁၃-ရွှေပေါက်ကံ	၁၃၅	ဒေါ်သန်းသန်းမြင့်	ဂရန်သစ်
၁၃။	ဒေါ်နှော်မာရီ	၁၂/ဥကတ(နိုင်)၁၃၉၆၅၇	၇၅/က၊ ရာဇသင်္ကြန်(၂)လမ်း (၁၁)ရပ်ကွက်၊ တာ/ဥ	တောင်ဥက္ကလာပ	၁၁	၇၅(က)	ဦးဝင်းနိုး	ဂရန်ခွဲ
၁၄။	ဦးအောင်တင်သိန်း	၁၂/မရက(နိုင်)၁၁၅၃၃၅	၄-A၊ ကျွောအေးဝေလမ်း မရမ်းကုန်း	မရမ်းကုန်း	၅၁-သမိုင်း	၂-C/၈	ဒေါ်မြင့်မြင့်ဟန်	အမည်ပြောင်း
၁၅။	ဒေါ်သီတာရွှေ+၂	၁၂/ပဇတ(နိုင်)၀၂၉၃၃၉	၃၄၊ ၂၈-လမ်း ပန်းဘဲတန်း	ပန်းဘဲတန်း	၁၅-C	S ½ of Y 45	ဒေါ်သိန်းသိန်းချစ်	မြေပုံကူး
၁၆။	ဦးစံထွန်း	၁၄/ဖပန(နိုင်)၀၉၂၂၄၇	၁၂ ဗိုလ်စိန်လမ်း တာမွေ	တာမွေ	၃-B	[illegible]	ဒေါ်မွေးမွေး	အမည်ပြောင်း
၁၇။	ဒေါ်ခိုင်ဝါအောင်	၇/ပမန(နိုင်)၀၀၆၄၀၀	၉၊ သီရိရတနာလမ်း သင်္ဃန်းကျွန်း	ဒဂုံမြောက်	၂၉	၃၈၆	ဒေါ်ခင်မေထွေး(ခ)ဒေါ်ထွေး	အမည်ပြောင်း
၁၈။	ဒေါ်နော်ဂလေယ်ဖော	၁၂/အစန(နိုင်)၁၀၇၂၉၀	၄၁၃၉၊ (၃)ရပ်ကွက်၊ ဒဂုံအရှေ့	ဒဂုံအရှေ့	၃	၄၁၃၉	ဒေါ်နော်ဘွေဝါး	ဂရန်သစ်
၁၉။	[illegible]	၁၂/ဗဟန(နိုင်)၀၇၁၃၇၆	[illegible]	တောင်ဥက္ကလာပ	၁၄/၂	၁၇	ဒေါ်မှုနိုင်	အမည်ပြောင်း
၂၀။	ဒေါ်နီနီတင်ရှိန်း	၁၂/ဥကတ(နိုင်)၀၅၇၈၈၆	၅၉၀၈ ၁၇-လမ်း (၆)ရပ်ကွက်၊ တာ/ဥ	တောင်ဥက္ကလာပ	၆	၁၁၉၄	ဦးအုန်းရွှေ	အမည်ပြောင်း

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်
ယာဉ်အမှတ် ၅ခ/၃၀၆၂ မော်တော်ယာဉ်လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ယနေ့မှစ၍ (၁၅)ရက်အတွင်း ကညန၊ တိုင်းရုံး (ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ရန်ကုန်တိုင်း။

အမွေစား၊ အမွေခံသမီးအဖြစ်မှ စွန့်လွှတ်ခြင်း
ကျွန်တော်/ကျွန်မတို့၏ သမီးဖြစ်သူ မဌေးဌေးဝင်း[၁၂/ဥကမ(နိုင်)၀၇၉၇၆၆]သည် မိဘများစိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်နေပါ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သမျှ လုံးဝတာဝန်မယူပါ။

ဖခင်-ဦးအေး
[၁၂/သကတ(နိုင်)၀၂၁၆၈၀]
မိခင်-ဒေါ်ငွေကြည်
[၁၂/သကတ(နိုင်)၀၁၆၈၀၈]

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ကြော်ငြာစာအမှတ် - ၂၉/၂၀၀၄ (၂၀၀၄ခုနှစ်၊ ဇူလိုင်လ ၁၃ရက်) လျှောက်လွှာခေါ်ယူခြင်း

၁။ စာရင်းစစ်ချုပ်ရုံးတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးများအတွက် လျှောက်လွှာများအလိုရှိပါသည်။

ရာထူး	ပညာအရည်အချင်း	လစ်လပ်
မြို့နယ်စာရင်းစစ်အရာရှိ	(က)ဝါဏိဇ္ဇဘွဲ့ရရှိပြီး လက်မှတ်ရပြည်သူ့စာရင်းကိုင်အောင်လက်မှတ်ရရှိသူ (ခ)အထက်ပါဘွဲ့နှင့်လက်မှတ်မရရှိသော စာရင်းစစ်ချုပ်ရုံးနှင့် စာရင်းစစ်ချုပ်ရုံး လက်အောက်ရှိ ဒေသဆိုင်ရာစာရင်းစစ်ရုံးများမှ ဝန်ထမ်းဖြစ်ပါက တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး စာရင်းစစ်မှူးရာထူး (လစာနှုန်း ၆၀၀၀-၁၀၀-၆၅၀၀)၌ လုပ်သက်(၅)နှစ်ရှိသူ	၄ နေရာ

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၉-၈-၂၀၀၄နေ့တွင် အသက် (၃၅)နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀နှစ်) ထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) စာရင်းစစ်မှူးရာထူး၌ ဌာနအတွင်း လုပ်သက်(၅)နှစ်ရှိကြောင်းဖော်ပြရန် လိုအပ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ၏ ထောက်ခံချက်ပူးတွဲတင်ပြ ရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၉-၈-၂၀၀၄နေ့ နောက်ဆုံးထား၍ ပေးပို့ရမည်။

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀/- ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေနှုတ်ဖြေ စစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက်အမှတ် -၁/၉၁ ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့ လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ဖြစ်ပါသည်။

၅။ **ရန်ကုန်မြို့နှင့် မန္တလေးမြို့**များတွင် ရေးဖြေစာမေးပွဲစာစစ်ဌာနများထားရှိမည်။ မိမိဖြေဆိုလိုသောစာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာ ဖော်ပြရမည်။

၆။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၉-၈-၂၀၀၄နေ့နောက် ပေးပို့ရမည်။** လျှောက်လွှာ တစ်စောင်ကို စာတိုက်မှတ်ပုံတင်အဆို ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။

